# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၇၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီမှ တင်ပြပါမယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိတဲ့သူဦးရေ ၄၂၉ ဦး ရှိတဲ့အနက် တက်ရောက်တဲ့သူ ၃၇၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူ ၅၀ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၅၀ ဦး အနက် ယခင် ခွင့်ပန်ကြားသူ ၃၅ ဦးရှိပြီးတော့ ယနေ့ခွင့်ပန်ကြားသူ ၁၅ ဦးဖြစ်ပါတယ်။ အဆိုပါ ၁၅ ဦးခွင့်ပန်ကြားသူ ကျွန်တော်တင်ပြပါမယ်-

(၁) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁၁ ရက်၊

(၂) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၂ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၄ ရက်၊

(၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၇) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၈) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၉) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၁၀) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၁၁) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၁ ရက်၊

(၁၂) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၁၃) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၁၄) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းဆောင်ဆီ(ခ)ဦးနယ်လ်ဆင် ခွင့် ၄ ရက်၊

(၁၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊ စုစုပေါင်း ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၅ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သစ်တောကြိုးဝိုင်းမသတ်မှတ်မီ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိပြီးဖြစ်သော ကျေးရွာများ၊ လုပ်ကွင်းလုပ်ကွက်များကို သစ်တောဥပဒေစည်းကမ်းအရ ဖြေလျှော့မှုပြုနိုင်၊ မပြုနိုင်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးကို ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းရမည့်မေးခွန်းဟာ တိုတိုနှင့် လိုရင်းမေးမြန်းရမည်ဖြစ်သော်လည်းပဲ ဇာတ်လမ်း မလည်မိမှာစိုးလို့ ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးကြဖို့ ဦးစွာ တောင်းပန်လိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ရေမြေတောတောင်ပေါကြွယ်ဝပြီး ဖြစ်တည်ခဲ့သောသဘောတရား အပေါ် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ စိုက်ပျိုးရေးတွင် ရာသီဥတုကို အမှီသဟဲပြုတဲ့အတွက် သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ခြင်းမှာလည်းပဲ သင့်တော်လျောက်ပတ်သော အကြောင်းတရားတစ်ရပ်ပင်ဖြစ်ပါတယ်။ ကျွန်တော် လည်း နားလည်သဘောပေါက်မိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြေပေါ၊ ရေပေါသောနိုင်ငံဖြစ်တဲ့

အတွက် ရှေးပဝေသဏီမှ ယနေ့အထိ ရေကြည်ရာမြက်နုရာကို ရှာဖွေပြီး ပြောင်းရွှေ့လုပ်ကိုင်လျက် ရှိနေသေးကြောင်း တောင်ပေါ်ဒေသအချို့တွင် တွေ့မြင်နိုင်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ပင်လောင်းမြို့နယ်ရဲ့ အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော်တင်ပြပါရစေ။ ကျွန်တော်တို့ပင်လောင်းမြို့နယ်ဟာ နေပြည်တော်ဧရိယာနှင့်ဆက်စပ်လျက်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ အများသိပြီးဖြစ်တဲ့အတိုင်း ပေါင်းလောင်းချောင်းကို အကြောင်းပြုပြီး ပေါင်းလောင်းသစ်တောကြိုးဝိုင်းကို ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး ပင်လောင်းမြို့နယ်ရဲ့ဧရိယာသုံးပုံနှစ်ပုံခန့်ကို သစ်တောဧရိယာအဖြစ် ၂၀၀၂ ခုနှစ်တွင် သတ်မှတ်ခဲ့ပါတယ်။ ပင်လောင်းမြို့နယ်အနောက်ခြမ်း နေပြည်တော်ဧရိယာနှင့် ဆက်စပ်လျက်ရှိသော ဒေသအားလုံးကို ပေါင်းလောင်းချောင်းရဲ့ ရေဝေရေလဲဧရိယာ သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့အကြောင်းအရင်းကတော့ ၂၀၀၂ ခုနှစ် သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့စဉ်က ကျေးရွာအုပ်စု ၁၀ ခုမှ ကျေးရွာပေါင်း ၇၆ ရွာနှင့် စိုက်ဧကပေါင်း ၁၀၃၀၀ ခန့်က သစ်တောကြိုးဝိုင်းထဲကျရောက်သွားပါတယ်။ ၎င်းရွာပေါင်း အားလုံးလိုလိုဟာ နှစ်ပေါင်းမြောက်မြားစွာကတည်းက နေထိုင်လာခဲ့ကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြန်တမ်းမှာရော ကိုလိုနီခေတ်က ရေးဆွဲထားသော စစ်မြေပုံပေါ်မှာ ဖော်ပြထားခြင်းခံရသော ကျေးရွာများဖြစ်ကြပါတယ်။ ပေါင်းလောင်းဒေသဟာ ကျေးရွာအုပ်စုနှစ်ခုမှ ပါဝင်သော ကျေးရွာအများစုဟာလည်းပဲ ပုဂံခေတ်ကတည်းက အနန္တသူရိယအမတ်အားမဲဇာတောင်ခြေ နယ်နှင်တဲ့အခါမှာ ဆွေတော်မျိုးတော်၊ ၎င်းနှင့်ပတ်သက်တဲ့ မိသားစုများမှာ မင်းဘေးမင်းဒဏ်သင့်မှာစိုးလို့ တိမ်းရှောင်ရာမှ ရောက်ရှိလာပြီးရွာများကို တည်ထောင်ခြင်းဖြစ်ကြောင်း လူကြီးစကားလူငယ်ကြားဖြင့် ပြောစမှတ်ပြုကြပါတယ်။ ဒီနေရာမှာသက်သေထူလိုတာကလယ်သမားတွေဟာ လယ်ထွန်ရင်း ဆေးမြစ်အသုံးအဆောင် အိုး၊ ခွက်၊ ပုဂံ၊ လက်ဝတ်ရတနာများတွေ့ခဲ့ဖူးကြောင်း လွန်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ခေတ်တုန်းက သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရမိပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ရွာတွေဟာ မရေတွက်နိုင်သော ရှေးနှစ်ပေါင်းများစွာ အဆင့်ဆင့်သော ဘိုးဘောင်စဉ်ဆက်ကတည်းက နေထိုင်လာခဲ့ကြောင်းကို သက်သေပြသလို ဖြစ်နေပါတယ်။ သစ်တောကြိုးဝိုင်းသတ်မှတ်စဉ်က လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေအချို့ကို ချန်လှပ်ပေးထားပါတယ်။ အသက်ရှူချောင်ရန် ချန်လှပ်ပေးခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ ဖော်ပြရမယ်ဆိုရင် (က) ဆိုင်ရာဆိုင်ခွင့် အခွင့်အရေးများကို

အမည်နှင့်ဖော်ပြထားသူများသာ ခံစားခွင့်ရှိကြောင်း၊ ၎င်းတို့မှ ဆင်းသက်လာသူများနှင့် မသက်ဆိုင်စေရ။ (ခ) လုပ်ကိုင်ခွင့်ရသည့်လယ်ယာ၊ ဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းဝယ်လွှဲပြောင်းခြင်း၊ ဖလှယ်ခြင်းမပြုရ။ (ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိအတွက် ခွင့်ပြုခြင်းဖြစ်၍ ရောင်းချခြင်းမပြုရ။ ဖောက်ဖျက်ကျူးလွန်ပါက သစ်တောဥပဒေအရ အရေးယူခံရမည်ဟု သတ်မှတ်ခဲ့ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကြိုးဝိုင်းမသတ်မှတ်မီကတည်းက တည်ရှိပြီးဖြစ်နေသော ကျေးရွာများ၏ လုပ်ကွင်းလုပ်ကွက်များကို ပေါ်ထွက်လာပြီဖြစ်တဲ့ မြေယာဥပဒေ၊ မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ စည်းကမ်းချက်ပါ (က) အရဆိုလျှင် ၎င်းတို့မှ ဆင်းသက်လာသူများနှင့်မသက်ဆိုင်စေရဆိုတဲ့ စည်းကမ်းချက်ဟာ ဒီမိုကရေစီခေတ်နဲ့ လိုက်လျောညီထွေမှု ရှိနိုင်ပါ့မလား။ သက်ဆိုင်ရာမိဘများ သေဆုံးလျှင် ရွာနှင့်လုပ်ကွက်များလုပ်ကွင်းများ၊ သစ်တောဧရိယာအတွင်းမှ ဖယ်ရှားပေးရမည့်သဘောမျိုး၊ ရွာဖျက်ပြီး ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့ပေးရမယ့်ပုံ ပေါ်နေပါတယ်။ ဒါ့အပြင် တောင်ပေါ်ဒေသရှိ တိုင်းရင်းသားအချို့ဟာလည်း တောင်း၊ ပလုံး၊ ပလိုင်းစတဲ့ တတ်တဲ့လက်မှုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေတာကိုလည်း ယနေ့တိုင်တွေ့မြင် နိုင်ပါတယ်။ ကျွန်တော်ခုလို တင်ပြရခြင်းဟာလည်း ပြီးခဲ့တဲ့အုပ်ချုပ်ရေးစနစ်တုန်းက သစ်တောဧရိယာ ကျူးလွန်တယ်ဆိုပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ဖမ်းဆီးတရားစွဲဆို ခြိမ်းခြောက်မှုတွေ ဖြစ်ခဲ့ဖူးလို့ ကျွန်တော်တင်ပြခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နှစ်ပေါင်းပရိစ္ဆေဒမြောက်မြားစွာကတည်းက နေထိုင်လာကြသော တိုင်းရင်းသားများ ဒီမိုကရေစီအနှစ်သာရများ မျှဝေခံစားနိုင်ရန် နိုင်ငံသားများမူလအခွင့်အရေး မထိခိုက်မဆုံးရှုံးစေရန်နှင့် ဥပဒေဘောင်နှင့်အညီ နောင်တွင်နေထိုင်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ သူတည်းတစ်ယောက် ကောင်းမှုရောက်ဖို့ဆိုတဲ့ အနန္တသူရိယအမတ်ကြီးရဲ့ မေတ္တာစာကို ကျွန်တော့်အနေနဲ့ ကြားယောင်မိလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ သစ်တောကြိုးဝိုင်း မသတ်မှတ်မီ နှစ်ပေါင်းများစွာကတည်းက တည်ရှိပြီးဖြစ်သော ကျေးရွာများ၊ လုပ်ကွင်းလုပ်ကွက်များကို သစ်တောဥပဒေစည်းမျဉ်းစည်းကမ်းအရ ဖြေလျှော့မှုပြုနိုင်၊ မပြုနိုင် နောင်တွင် မည်ကဲ့သို့သော အစီအမံများပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါ၍ ဤမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းရဲ့ သစ်တော ကြိုးဝိုင်းမသတ်မှတ်မီ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိပြီးသားဖြစ်သော ကျေးရွာများ၊ လုပ်ကွင်းလုပ်ကွက်များကို သစ်တောဥပဒေအရ ဖြေလျှော့မှုပြုနိုင်၊ မပြုနိုင် မည်ကဲ့သို့အစီအစဉ် ရှိသည်ကို ဖြေကြားပေးပါရန်ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းမှာရှိနေတဲ့ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဖို့ သဘာဝပတ်ဝန်းကျင် တည်ငြိမ် တိုးတက်ကောင်းမွန်ပြီးတော့ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်း သက်သာစေရန် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဂေဟစနစ်ညီညွတ်မျှတစေရန်တို့ အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောမူဝါဒများ ရေးဆွဲပြဋ္ဌာန်းပြီးတော့ သစ်တောနယ်မြေများဖွဲ့စည်း၍ စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိပါသည်။ ထိုသို့ အုပ်ချုပ်ဆောင်ရွက်သည့် သစ်တောနယ်မြေများတွင် ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများ ပါဝင်ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ နှစ် ၃၀ ကာလရှည်ရေးဆွဲထားသော အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော် ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း အထိတိုးချဲ့ဖွဲ့စည်းရန် သတ်မှတ်ထားရှိပါတယ်။ လက်ရှိကာလ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၂၄.၅၇ ရာခိုင်နှုန်း ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ သစ်တောနယ်မြေများဖွဲ့စည်းဆောင်ရွက်ရာ၌ ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းသည့် သစ်တောဥပဒေပုဒ်မ ၃၊ ၄၊ ၆ နှင့် ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းထားသော သစ်တောနည်းဥပဒေများ ပုဒ်မ ၃ ၊ ၁၉ တို့အရ သစ်တော ဦးစီးဌာနဒေသအုပ်ချုပ်ရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ပါဝင်သည့်အဖွဲ့များကို စနစ်တကျဖွဲ့စည်း ပြီး ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာခြင်း၊ ဒေသခံပြည်သူများအား အသိပေးရှင်းလင်းခြင်း၊ ဆိုင်ရာဆိုင်ခွင့်များကို ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားစေခြင်း၊ မှတ်ပုံတင်ခြင်း၊ လျော်ကြေးငွေ၊ တောင်းခံငွေများပြုစုခြင်းနှင့် ဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

သစ်တောကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းရာမှာ မည်သည့်ဒေသနေရာများ ဖွဲ့စည်းမည့်နေရာဒေသများ၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်၊ မြေအသုံးချခွင့် (စားကျက်ချခြင်းများအပါအဝင်) များကို အရေအတွက် အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ ခွင့်ပြုမည့်နည်းလမ်းများ သတ်မှတ်ပေးခြင်း၊ ဖွဲ့စည်းစဉ်တွင် တည်ရှိနေသော ကျေးရွာများ၊ လယ်ယာမြေများကို ထည့်သွင်းဖွဲ့စည်းခြင်းမပြုဘဲ ချန်လှပ်ခွင့်များသတ်မှတ်ပေးခြင်းတို့ကို စနစ်တကျမှတ်တမ်းတင်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပင်လောင်းမြို့နယ်အတွင်း ပေါင်းလောင်းကြိုးဝိုင်းတည်ရှိပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၉-၁-၂၀၀၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၂) ဖြင့် ကြိုးဝိုင်းဖွဲ့စည်းခဲ့ပြီးဧရိယာ ၃၅၆၉၃၁ ဧက ရှိပါတယ်။ အဆိုပါကြိုးဝိုင်းဖွဲ့စည်းတည်ထောင်စဉ်က ဒေသအုပ်ချုပ်ရေးအဖွဲ့ဆက်စပ်ဌာနများနှင့် ညှိနှိုင်းသဘောထားရယူဆောင်ရွက်ခြင်း၊ ဒေသသို့ ကြိုးဝိုင်းများဖွဲ့စည်းမည့် အကျိုးအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ဆိုင်ရာဆိုင်ခွင့်နှင့် သဘောထားတောင်းခံခြင်းများကို အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့သော်လည်းပဲ လက်ရှိအချိန်တွင် ကြိုးဝိုင်းအတွင်း လူနေအိမ်များ၊ စိုက်ပျိုးမြေများ ဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်း လူဦးရေတိုးတက်များပြားလာသည်နှင့် အမျှ ကျေးရွာ၊ ရပ်ကွက်များ၊ စိုက်ပျိုးမြေများလည်းတိုးပွားလာမည်ဖြစ်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စနစ်တကျစိစစ်၍ ပြင်ဆင်ဖွဲ့စည်းခြင်းများကို လုပ်ထုံးလုပ်နည်း နှစ်ရပ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်းများနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တာဝန်ပေး၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးအစီရင်ခံတင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ အမှာစာဖြင့် ပေးပို့တင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူညီကြောင်း အစည်းအဝေးဆုံးဖြတ်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားပါက မြို့ရွာ၊ ရပ်ကွက်၊ ကျေးရွာများကို တိုးချဲ့ဖွဲ့စည်းပြင်ဆင်ခြင်းများကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ပေါင်းလောင်းကြိုးဝိုင်း အတွင်း ကျရောက်နေသော ကျေးရွာများ လယ်ယာမြေများနှင့်ပတ်သက်၍ အထက်ဖော်ပြပါ လုပ်ထုံး လုပ်နည်းနှင့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့်ဆက်စပ် ဝန်ကြီးဌာနများ ညှိနှိုင်းပြီး ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်သင့်သည့် ဧရိယာများကို စနစ်တကျ စိစစ်ပယ်ဖျက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထပ်မံဖြည့်စွက်၍ တင်ပြလိုသည်မှာ ဤကိစ္စအပါအဝင် အလားတူ ကိစ္စများသည် နူးညံ့သိမ်မွေ့ပြီးတော့ နိုင်ငံတော်အတွက်ကော တိုင်းသူပြည်သားနှစ်ရပ်လုံးအတွက် ရော အင်မတန်မှအရေးကြီးကိစ္စတစ်ခုဖြစ်ကြောင်း ခံယူနားလည်သဘောပေါက်ထားတာနဲ့အညီ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့အကျိုးရှေးရှုပြီးတော့ အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျွန်းလှမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၉ အုပ်စုနှင့် စိုက်ပျိုးမြေဧရိယာများသည် သစ်ရာပင်ကြိုးဝိုင်း နှင့် သိုက်ထင်းကြိုးဝိုင်းအတွင်းရှိနေသဖြင့် ကျေးရွာအုပ်စုပိုင်မြေနှင့် လယ်ယာမြေအဖြစ် ပြောင်းလဲ ပေးနိုင်ရန် အစီအစဉ်ရှိ မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုသည်နှင့်စပ်လျဉ်း သည့် မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ကျွန်းလှမြို့နယ်က ပြီးခဲ့တဲ့ ၁၉၆၆ ခုနှစ်ကစတင် တည်ဆောက်ပြီး ၂၀၀၂ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ သဖန်းဆိပ်ဆည်ကြောင့် ကျေးရွာပေါင်း ၆၀ ကျော် ကျွန်တော်တို့ ကျွန်းလှမြို့အပါအဝင် ရွှေ့ပြောင်းခဲ့ရပါတယ်။ အဲဒီလိုရွှေ့ပြောင်းခဲ့ကြတဲ့အခါမှာ ကျွန်းလှမြို့အပါအဝင် သဖန်းဆိပ်ဆည်ရဲ့အရှေ့ဘက်မှာ ၃၉ ရွာတည်ရှိပြီးတော့ သဖန်းဆိပ်ဆည်ရဲ့ အနောက်ဘက်မှာ ၈၃ ရွာတည်ရှိပါတယ်။အဲဒီလိုတည်ရှိတဲ့အချိန်မှာ အဲဒီတုန်းကတော့ ကျွန်တော်တို့ ဆည်စီမံကိန်းက နိုင်ငံတော်စီမံကိန်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီတုန်းက တည်ဆောက်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲများအနေနဲ့ ဆည်ကိုပဲအဓိကတည်ဆောက်ခဲ့ကြတာဖြစ်ပါတယ်။ မြို့ရွာ

ပြောင်းရွှေ့ရေးနှင့်ပတ်သက်လို့ သာမညသဘောမျိုးထားပြီးတော့ ရွှေ့ပြောင်းခဲ့ကြတာဖြစ်ပါတယ်။ လက်ရှိ ၁၆ နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ကျွန်းလှမြို့နယ်အနေနဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်လို့ သိသိသာသာကူညီစောင့်ရှောက်မှုဆိုတာ လက်ရှိအခြေအနေအထိ ခံစားမှုမရှိရသေးပါဘူး။ ဒါကိုလည်း ကျွန်တော်တို့ ကျွန်းလှမြို့နယ်သူ မြို့နယ်သားများအနေနဲ့ ယနေ့အချိန်ထိ မျှော်လင့်စောင့်စားလျက်ရှိပါတယ်။ အဲဒီလိုမျှော်လင့်စောင့်စားပြီးရှိနေတဲ့ အခက်အခဲတွေထဲမှာ အခုကျွန်းလှမြို့နယ်က ရွှေ့ပြောင်းတဲ့ကျေးရွာတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ကြိုးဝိုင်းတွေအတွင်းမှာ ကျေးရွာတွေရောလယ်ယာမြေတွေရော ချမှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့်လို့ အဲဒီဟာတွေဟာ လက်ရှိအခြေအနေထိ ကျေးရွာပိုင်မြေ၊ လယ်ယာမြေတွေအဖြစ် သတ်မှတ်ပေးခြင်းမရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉ အုပ်စုနဲ့ စိုက်ပျိုးမြေဧရိယာများသည် သစ်ရာပင်ကြိုးဝိုင်းနှင့် သိုက်ထင်းကြိုးဝိုင်းအတွင်းမှာ ရှိနေတဲ့အတွက်ကြောင့် ကျေးရွာအုပ်စုပိုင်မြေနဲ့ လယ်ယာမြေများအဖြစ် ပြောင်းလဲပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေကြားခဲ့သောမေးခွန်းနှင့် အလားတူ မေးခွန်းများဖြစ်ပါ၍ အစမှအဆုံးပြန်လည်ဖြေကြားခြင်းအားဖြင့် အချိန်အလဟဿကုန်ဆုံးမည်ဖြစ်ပါသောကြောင့် လိုအပ်သည်များကိုဆက်လက်ပြီးတော့ တင်ပြလိုပါတယ်။ ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ သစ်ရာပင်ကြိုးဝိုင်းကို ၁၉၀၉ ခုနှစ်တွင်လည်းကောင်း၊ သိုက်ထင်းကြိုးဝိုင်းကို ၁၉၂၇ ခုနှစ်တွင်လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့် ကျေးရွာအုပ်စု ၉ အုပ်စုနှင့် စိုက်ပျိုးမြေဧရိယာများဟာ အားလုံးသိကြတဲ့အတိုင်း သဖန်းဆိပ်ဆည်ပေါ်ပေါက်လာပြီးတဲ့နောက် ၁၉၉၆ ခုနှစ် ဝန်းကျင်တွင်ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဤနေရာတွင် အခုတင်ပြလိုတာကတော့ဖြင့် နိုင်ငံတော်အတွင်း ယခုကဲ့သို့မြေယာကိစ္စရပ်များနှင့်ပတ်သက်သည့် အငြင်းပွားမှုများ ပေါ်ပေါက်နေခြင်းမှာ မြေယာအသုံးချမှုမူဝါဒ (Land Use Policy) နှင့်မြေအသုံးချစီမံခန့်ခွဲမှုစီမံချက် (Land Use Management Plan) များ ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသည့် အဓိက

အကြောင်းအရင်းတစ်ရပ်ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်ကြီး စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ မြို့ရွာစည်ပင်ဖွံ့ဖြိုးရေးကဏ္ဍပေါင်းစုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏မြေသယံဇာတအားအကျိုးရှိစွာ ရေရှည်စီမံ အုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်၍ မြေယာခွဲဝေအသုံးချမှုစိစစ်ဆောင်ရွက်ရေးကော်မတီကို နိုင်ငံတော်မှ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။

မြေယာခွဲဝေအသုံးချမှုစိစစ်ရေးကော်မတီအနေဖြင့် ချမှတ်ထားသည့်ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ မြေအသုံးချမှုဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေးအတွက်မြေအသုံးချမှုဆိုင်ရာ မြေပြင်အချက်အလက်များ ရှေ့ပြေးကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် တောင်ငူမြို့နယ်တွင် ဇုန် ၄ ဇုန်ခွဲခြားပြီးတော့ အဖွဲ့ ၄ ဖွဲ့ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ပထမအပတ်မှစတင်၍ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မြေအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်များ စနစ်တကျရေးဆွဲပြဋ္ဌာန်းဆောင်ရွက်နိုင်သည်နှင့်အမျှ သစ်တောနယ်မြေများအတွင်း ဝင်ရောက်နေထိုင်ခြင်း၊ လယ်ယာလုပ်ကိုင်ခြင်းစသည့် မြေယာကိစ္စရပ်များ၊ မြေယာဆိုင်ရာအငြင်းပွားမှုများကို အဆင်ပြေစွာ ဖြေရှင်းစီမံဆောင်ရွက်နိုင်လိမ့်မည်ဟုယုံကြည်ပါတယ်။ ထို့အတူ မြို့၊ ရပ်ကွက်၊ ကျေးရွာများတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများမှစိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်လည်း နည်းလမ်းများရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်တွင်ပါရှိသော ကျွန်းလှမြို့နယ် သစ်တောကြိုးဝိုင်းများအတွင်း ကျေးရွာအုပ်စု ၉ အုပ်စုအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများမှစိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်မည်ဆိုပါက သစ်တောကြိုးဝိုင်းများမှ ပယ်ဖျက်ပေးမှာဖြစ်ပါတယ်။ စိုက်ပျိုးမြေဧရိယာများ ပိုင်ဆိုင်ခွင့်ပြောင်းလဲပေးရေးအတွက် ရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်၏ မြေအသုံးချမှုဆိုင်ရာမူဝါဒနှင့် အစီအမံများနှင့်အညီ ဒေသခံပြည်သူများနေထိုင်လုပ်ကိုင် စားသောက်နိုင်ရန် လယ်ယာများချထားစီမံပေးမည့် မြေယာပြုပြင်ပြောင်းလဲရေး (Land Reform) ကို စနစ်တကျ

ပိပြင်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံ၏ ဆေးရုံဝန်ထမ်းအင်အား ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံဝန်ထမ်းများခန့်ထားခြင်းကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံနှင့် ပတ်သက်၍ ယခင်က မြို့နယ်ဆရာဝန်၊ လက်ထောက်မြို့နယ်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်နဲ့ ဓာတ်မှန်ကျွမ်းကျင်များ ဦးစားပေးခန့်ထားပေးပါရန် တောင်းဆိုတင်ပြခဲ့ဖူးပါတယ်။ ယခုအခါ မြို့နယ်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်နဲ့ ဓာတ်မှန်ကျွမ်းကျင်တို့ အသီးသီးရောက်ရှိတာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ သို့ရာတွင် လက်ထောက်မြို့နယ်ဆရာဝန် မရှိသေးပါသဖြင့် မြို့နယ်ဆရာဝန်ကြီးမှ ခွင့်ခံစားသောအချိန်၊ တာဝန်အရခရီးထွက်ခွာချိန်များတွင် မြို့နယ်အနေနှင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ထို့အပြင် ဆေးရုံဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြမည့် အောက်ခြေအဆင့်ဆင့် ဝန်ထမ်းပေါင်း ၄၃ နေရာခန့် လစ်လပ်နေဆဲဖြစ်ပါသဖြင့် အောက်ပါမေးခွန်းများကို လွှတ်တော်မှ တစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံ၏ လက်ထောက်မြို့နယ်ဆရာဝန် ခန့်ထားရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်နည်း။ မေးခွန်း(၂)မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံ၏ ခွဲဝေဝန်ထမ်းအင်အားများကို ယခုအစိုးရသစ်လက်ထက်တွင် မည်ကဲ့သို့ ပြန်လည်ခန့်ထားပေးမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ် ခင်ဗျား။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းမှ မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံရဲ့ ခွဲဝေဝန်ထမ်းအင်အားများကို ယခုအစိုးရသစ်လက်ထက်တွင် မည်ကဲ့သို့ပြန်လည်ခန့်ထားပေးမည်နည်းဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မောက်မယ်မြို့ ပြည်သူ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်တွေကို လက်ထောက်ဆရာဝန်(သစ်လွင်) ၁၅၀၀ ဦးကို မကြာခင်ကာလမှာ ခန့်ထားတဲ့အခါမှာ ဆေးရုံကြီးတွေမှာ လေ့ကျင့်တာဝန်ထမ်းဆောင်ပြီးတဲ့ အတွေ့အကြုံရှိတဲ့ ဆရာဝန်တွေထဲကနေပြီးတော့မှ ကျွန်တော်တို့ အနည်းဆုံးတစ်ဦး၊ အများဆုံးနှစ်ဦး ဦးစားပေးအလိုက် ခန့်ထားပေးမည် ဖြစ်ပါကြောင်း၊ ထို့နည်းတူစွာပဲ အထက်တန်းသူနာပြု ခွင့်ပြု ၅ ဦး၊ ခန့်ထား ၅ ဦးရှိပြီးတော့ သူနာပြုခွင့်ပြု ၁၀ ဦးမှာ ၂ ဦးပဲ ခန့်ထားနိုင်တဲ့အတွက် လစ်လပ် ၈ ဦးရှိပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ဆေးရုံမှာ တက်ရောက်လာတဲ့ လူနာအရေအတွက်နဲ့ဆေးရုံရဲ့ လိုအပ်ချက်အပေါ် မူတည်ပြီးတော့ သစ်လွင်သူနာပြုများကို မကြာခင် ခန့်ထားတဲ့အခါမှာ ခန့်ထားပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၄ (ဓာတ်မှန်) တစ်ဦးကိုတော့ ၁၈-၁၀-၂၀၁၂ မှာ ကျွန်တော်တို့ ခန့်ထားပေးပြီး တာဝန်ထမ်းဆောင်စေလျက် ရှိပါတယ်။ ဆေးဘက်ကျွမ်းကျင်-၄(ဆေးစပ်)ကိုတော့ ကျွန်တော်တို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရဲ့ အစီအစဉ်နဲ့ သင့်တော်မယ့်ဝန်ထမ်းတစ်ဦးကို ဆေးဘက်ကျွမ်းကျင်-၄(ဆေးစပ်) ၆ လသင်တန်းခေါ်ယူတဲ့အခါမှာ ကျွန်တော်တို့ သင်တန်းပေးပြီး ဖြည့်စွက်ခန့်ထားပေးမည်ဖြစ်ပါကြောင်းနဲ့ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းအတွက်ကိုတော့ (၅၆) ကြိမ်မြောက်ဓာတ်ခွဲသင်တန်းဆင်း ၁၁၃ ဦးအားခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက် မကြာခင် ဒီအထဲကနေ ကျွန်တော်တို့ ဦးစားပေးခန့်ထားမည်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းငယ်များအတွက် လိုအပ်ချက်အရ တောင်းခံလာမယ်ဆိုလို့ရှိရင်တော့ နေ့စားဝန်ထမ်းများကို ဦးစွာခန့်ထားပြီးတော့မှ အမြဲတမ်းဝန်ထမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**တိုင်းရင်းဆေးပညာဦးစီးဌာနရာထူးများတွင် တိုင်းရင်းဆေးပညာရှင်များကို ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် နိုင်ငံခြားပညာတော်သင်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများ စေလွှတ်ရာတွင် တိုင်းရင်းဆေးဆရာများ ဦးစားပေးစေလွှတ်သည့်မှု ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တိုင်းရင်းဆေးပညာဖွံ့ဖြိုး တိုးတက်ရေးနဲ့ပတ်သက်တဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးက Good Goverance လို့ပြောသွားပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးဖြစ်ဖို့ဆိုရင် လူမှန်နေရာမှန် ဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီမံခန့်ခွဲမှုဟာ နေရာမှန်လူမှန်မဖြစ်ခဲ့လို့ လွဲချော်မှားယွင်းစွာ စီမံခန့်ခွဲအုပ်ချုပ်ခဲ့လို့ တိုင်းပြည်ဟာ ကမ္ဘာ့အောက်ဆုံးအဆင့်သို့ ရောက်သွား ခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းဆေးနဲ့ အနောက်တိုင်းဆေးဟာ သဘောသဘာဝချင်း အလွန်ကွဲလွဲခြားနား ပါတယ်။ အနောက်တိုင်းဆေးက သွေးတိုးရင် သွေးတိုးကျဆေးပေးမှ၊ တိုင်းရင်းဆေးက ဓာတ်ကြီး လေးပါးရဲ့ လွန်ယုတ်လွဲမှားကို ပြုပြင်ပြီးတော့ ကုပါတယ်။ လွန်တဲ့ဓာတ်ကို နုတ်ပြီးတော့၊ ယုတ်တဲ့ ဓာတ်ကို ဖြည့်ပြီးတော့ ကုပါတယ်။ ရောဂါကို ဖြစ်စေတဲ့ ကံ၊ စိတ်၊ ဥတု၊ အဟာရ အကြောင်းတရား လေးပါးကို ပြုပြင်ပြီးတော့ ကုသပါတယ်။ အကြောင်းကို သတ်ပြီးတော့ ကုသပါတယ်။ ဒီနေ့ ကမ္ဘာမှာ Organic ခေါ်တဲ့ သဘာဝအစားအစာတွေ ဘေးထွက်ဆိုးကျိုးနည်းတဲ့ သဘာဝဆေး Herbal Medicine တွေ အားပေးနေချိန်လည်းဖြစ်သလို အနောက်တိုင်းဆေးနဲ့ ကုသလို့မရတဲ့ရောဂါတွေကို သဘာဝတိုင်းရင်းဆေးတွေနဲ့ ကုသအောင်မြင်နေတာတွေလည်း ရှိပါတယ်။ တိုင်းရင်းဆေးကို မယုံကြည်တဲ့လူ၊ စိတ်မဝင်စားသူ၊ မကျွမ်းကျင်သူများက တိုင်းရင်းဆေးပညာဦးစီးဌာနမှာ ရာထူးကြီး တွေယူပြီးတော့ စီမံခန့်ခွဲအုပ်ချုပ်တာဟာ လူမှန်နေရာမှန်နဲ့ လွန်စွာလွဲချော်နေတာ တွေ့ရပါတယ်။ ဒုတိယသမ္မတကြီးပြောတဲ့ တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာနဲ့ ရင်ပေါင်တန်းပြီးတော့ ကမ္ဘာက လက်ခံနိုင်အောင်ဆိုရင် လူမှန်နေရာမှန်ဖြစ်မှ လုပ်နိုင်မှာပါ။ ခေတ်နဲ့အညီ ပြောင်းလဲ သင့်ပါပြီ။ တိုင်းရင်းဆေးမှာ အုပ်ချုပ်သူများဟာ ဆရာဝန်ကြီးများ ဖြစ်သော်လည်း ကိုယ်မယုံကြည်တဲ့၊ အကျွမ်းမဝင်တဲ့ တိုင်းရင်းဆေးလောကကို စီမံခန့်ခွဲရတာ လွန်စွာပင်ပန်းခက်ခဲပါတယ်။ တိုင်းရင်းဆေး

ကို အနောက်တိုင်းရင်းဆေးတွေ ပေတံနဲ့တိုင်းပြီးတော့ ပုံစံခွက်ထဲထည့်ပြီးတော့ မတူတာတွေကို အညှိခံရတာ အဖြတ်ခံရတာတွေရှိပါတယ်။ တိုင်းရင်းဆေးပညာရှင်ကြီးများ အလွန်စိတ်ဓာတ်ကျကြပါတယ်။ နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးကို အားပေးသလောက်လည်း မတိုးတက်ဘူးဖြစ်ရပါတယ်။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးကို တကယ်ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် တိုင်းရင်းဆေးပညာဦးစီးဌာန အကြီးအကဲရာထူးတွေမှာ တိုင်းရင်းဆေးပညာရှင်တွေကို ဦးစားပေးခန့်ထားပေးဖို့ လိုအပ်လှပါတယ်။ လုပ်ပိုင်ခွင့်တွေပေးဖို့လည်း လိုအပ်လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းဆေးပညာရှင်တွေကို နိုင်ငံခြားပညာသင်စေလွှတ်တာ၊ အလုပ်ရုံဆွေးနွေးပွဲတွေ စေလွှတ်တာ၊ လေ့လာရေးခရီးတွေ စေလွှတ်တာတွေ ဦးစားပေးစေလွှတ်သင့်ပါတယ်။ တချို့က တိုင်းရင်းဆေးကို နိုင်ငံခြားမှာ သွားသင်စရာမလိုဘူးလို့ ပြောတာရှိပါတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းရင်းဆေးပညာရပ်မှာ ဘေသဇ္ဇနယဆေးပညာဟာ အိန္ဒိယအာယုဗေဒဆေးပညာမှ လာပါတယ်။ အလွန်ပြည့်စုံကြွယ်ဝပါတယ်။ ဒီလိုပဲ အိမ်နီးချင်းတရုတ်တိုင်းရင်းဆေးဟာ အလွန်ပြည့်စုံတိုးတက်ပါတယ်။ ကျွန်တော်တို့အတွက် လေ့လာစရာသင်ယူစရာတွေ အများကြီးရှိပါတယ်။ ဥပမာ ကျွန်တော်တို့တိုင်းရင်းဆေးမှာ သုံးတဲ့ ကြပ်ထုပ်ကို ထိုင်းကယူသွားပြီးတော့ ထိုင်းကြပ်ထုပ်လုပ်လိုက်ပါတယ်။ နည်းပညာဖြည့်လိုက်ပါတယ်။ ပိုကောင်းသွားပါတယ်။ ဒီလိုပါပဲ အစစအရာရာနောက်ကျနေခဲ့တဲ့ တိုင်းပြည်အတွက် အခြားတိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ သင်ယူစရာတွေ အများကြီးရှိပါတယ်။ လေ့လာသင်ယူပြီးရင်လည်း ပြန်လည်မျှ ဝေပေးဖို့၊ ပြန်လည်အသုံးချဖို့ လိုအပ်ပါတယ်။ အင်္ဂလိပ်စာကို အကြောင်းပြုပြီးတော့ ဆရာဝန်တွေကိုပဲ ပညာသင်လွှတ်တဲ့အခါကျတော့ တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် ဘာမှ အထောက်အကူ မပြုခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်မှာ တိုင်းရင်းဆေးသိပ္ပံကို တိုင်းရင်းဆေးတက္ကသိုလ် အဖြစ် အဆင့်မြှင့်တင်ပေးတာကိုအလွန်ပဲ ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ အိန္ဒိယမှာတော့ အာယုဗေဒဆေးပညာနဲ့ အနောက်တိုင်းဆေးပညာကို တစ်တန်းတည်းပဲထားပါတယ်။ ဒေါက်တာလို့ပဲ ခေါ်ပါတယ်။ ကျွန်တော်တို့ကို သမားတော်လို့ ခေါ်တာကျေနပ်ပါတယ်။ ဒါပေမယ့် တစ်ဆင့်နှိမ့်ထားတာကိုတော့ စိတ်မကောင်း ဖြစ်ကြပါတယ်။ ယခင်ဖွင့်ခဲ့တဲ့ တိုင်းရင်းဆေးသိပ္ပံအပါအဝင် တစ်နှစ်သင်တန်းတွေ၊ မွမ်းမံသင်တန်းတွေ ဆက်မဖွင့်နိုင်တော့တာကိုလည်း အားမလိုအားမရဖြစ်ရပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က တစ်နှစ်မှာ ကျောင်းသား ၁၀၀ လောက်ပဲ မွေးထုတ်ပေးနိုင်ပါတယ်။ လျော့သွားတဲ့ဆေးဆရာကို ပြန်ဖြည့်တာလောက်ပဲ လုပ်နိုင်ပါတယ်။ တိုင်းရင်းဆေးသိပ္ပံကျောင်းတွေကို

အချက်အခြာကျတဲ့ မြို့ကြီးတစ်ခုတွေမှာ ဖွင့်ပေးသင့်ပါတယ်။ ပြီးလို့ရှိရင် ပေါင်းကူးပြီးတော့ အခုလုပ်သလိုပဲ ဘွဲ့တွေပေးစေချင်ပါတယ်။ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းကိုလည်း ပြန်လည်ဖွင့်လှစ်ပေးပြီးတော့ သင်တန်းဆင်းတွေ ပေါင်းကူးဒီပလိုမာ ပေးစေချင်ပါတယ်။ ဘာသာရပ် အထူးမွမ်းမံသင်တန်းကျောင်းတွေကိုလည်း ပြန်ဖွင့်ပေးစေချင်ပါတယ်။ အသိအမှတ်ပြု လက်မှတ်တွေ ဒီပလိုမာလက်မှတ်တွေ ပေးသင့်ပါတယ်။ ကျောင်းက မွေးထုတ်လိုက်တဲ့ ဆရာ ဆရာမတွေကိုလည်း လုပ်ငန်းခွင်ဝင်နိုင်ဖို့ တစ်ပါတည်းစီမံခန့်ခွဲသင့်ပါတယ်။ တိုင်းရင်းဆေးရုံနဲ့ ဆေးပေးခန်းတွေကိုလည်း မြို့တိုင်းနဲ့ ကျေးရွာတိုင်းအရောက် တိုးဖွင့်ပေးဖို့လည်း တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမားတော်ဆိုတာ တိုင်းရင်းဆေးဆရာကြီးများကို ခေါ်ဝေါ်သုံးနှုန်းခဲ့တဲ့ အခေါ်အဝေါ်ပဲဖြစ်ပါတယ်။ မွန်ဘာသာစကားက လာတာပါ။ အတတ်ပညာတစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်သည်လို့ အဓိပ္ပာယ်ရပါတယ်။ ရောဂါဝေဒနာတွေကို လျော့နည်းအောင်၊ သက်သာအောင်၊ ပျောက်ကင်းအောင် ဖယ်ရှားပေးနိုင်သူကို အသက်ကယ်ပေးနိုင်သူကို သမားတော်လို့ ခေါ်တာဖြစ်ပါတယ်။ တိုင်းရင်းဆေးလောကမှာ အလွန်ထင်ရှားတဲ့ ဆေးဆရာကြီးများ သမိုင်းတစ်လျှောက်မှာ များစွာပေါ်ပေါက်ခဲ့ပါတယ်။ တိုင်းရင်းဆေးတိုးတက်ရေးအတွက်လည်း တစ်စိုက်မတ်မတ်ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့မှာ ဘာဘွဲ့ထူး၊ ဂုဏ်ထူးမှမရှိကြပါဘူး။ အတွေ့အကြုံနဲ့ ပညာကြီးတဲ့ တိုင်းရင်းဆေးပညာရှင်ကြီးများကို ဖော်ထုတ်ပြီးတော့ အဆောင်အယောင်တွေနဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးများလည်း ပေးအပ်ချီးမြှင့်သင့်ပါတယ်။ သူတို့ဆီက ပညာအမွေတွေကို လက်ဆင့်ကမ်းပေးနိုင်အောင်လည်း ဆောင်ရွက်ပေးသင့်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းများကတော့ (၁) တိုင်းရင်းဆေးပညာဦးစီးဌာန ရာထူးအဆင့်ဆင့်ဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနဲ့ တိုင်းရင်းဆေးရုံအုပ်၊ ဒုတိယတိုင်းရင်းဆေးရုံအုပ်စတဲ့ ရာထူးတွေမှာ တိုင်းရင်းဆေးပညာရှင်များကို ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ (၂) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားပညာတော်သင်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများ စေလွှတ်ရာမှာ တိုင်းရင်းဆေးဆရာများကို ဦးစားပေးစေလွှတ်တဲ့မှု ရှိ၊ မရှိနဲ့ ယင်းပညာတော်သင်များ ဆွေးနွေးပွဲတက်ရောက်သူများ၊ လေ့လာသူများ ပြန်လည်ရောက်ရှိတဲ့အခါမှာ တတ်သိလာတဲ့ ပညာဗဟုသုတတွေကို ဆင့်ပွားပြန်လည်ဖြန့်ဝေအစီအစဉ်ရှိ၊ မရှိ။ (၃) အချက်က တိုင်းရင်းဆေးဆရာများ စွမ်းရည်ပြည့်ဝ၍ တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးအတွက် (က) ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ တိုးမြှင့်ခေါ်ယူခြင်း၊ အခုတော့ ဘွဲ့လွန် ၅ ယောက်ပဲခေါ်ပါ

တယ်။ (ခ) ဘာသာရပ်အလိုက် ပါရဂူဘွဲ့များပေးအပ်ခြင်း၊ (ဂ) နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခြင်း၊ (ဃ) တိုင်းရင်းဆေးသိပ္ပံ၊ ဒီပလိုမာသင်တန်း ပြန်လည်ဖွင့်လှစ်ခြင်း၊ (င) တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းပြန်လည်ဖွင့်လှစ်ခြင်း၊ (စ) တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းဆင်းများအား ပေါင်းကူးဒီပလိုမာပေးခြင်း၊ (ဆ) တိုင်းရင်းဆေးဆရာများအား စဉ်ဆက်မပြတ်ပညာ တိုးတက်ရေးအတွက် အထူးမွမ်းမံသင်တန်းများအားပေးခြင်းစတဲ့ အစီအစဉ်များရှိ၊ မရှိနဲ့ (၄) တိုင်းရင်းဆေးပညာကို သမားအစဉ်အဆက်တတ်မြောက်လာ၍ ကုသအောင်မြင်လျက်ရှိတဲ့ ရိုးရာတိုင်းရင်းဆေးဆရာများကို ဖော်ထုတ်စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် (တဆ)ပေးခြင်းနဲ့ ထင်ရှားကျော်ကြားအောင်မြင်သော တိုင်းရင်းဆေးသမားတော်ကြီးများကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ရန်အစီအစဉ်ရှိ၊ မရှိသိလိုပါကြောင်း တိုင်းရင်းဆေးသမားတော်များနှင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ လက်ရှိရာထူးအဆင့်ဆင့်ဖြစ်တဲ့ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ နောက် တိုင်းရင်းဆေးရုံများရဲ့ ဆေးရုံအုပ်များ ခုတင် ၁၀၀၊ ခုတင် ၅၀၊ ၁၆ ခုတင် ရာထူးများမှာ လက်ရှိတိုင်းရင်းဆေးပညာရှင်များဖြစ်တဲ့ တိုင်းရင်းဆေးသိပ္ပံဆင်းများကိုပဲ ခန့်အပ်တာဝန်ပေးထားလျက်ရှိတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်ကစတင်၍ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ B.M.T.M ချီးမြှင့်ခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်မှစပြီး မြန်မာ့တိုင်းရင်းဆေးပညာမဟာသိပ္ပံဘွဲ့ M.M.T.M(ပေါင်းကူး) သင်တန်းများဖွင့်လှစ်ပြီး သက်ဆိုင်ရာဘွဲ့များအပ်နှင်းရေးအတွက် ဆောင်ရွက်နေပါတယ်။။ ဒါကြောင့်မို့လို့ အဲဒီသင်တန်းတွေပြီးသွားတော့မှ အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ ပေါ်ပေါက်လာတဲ့အခါမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာများကို လည်းဆက်လက်ပြီး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း နံပါတ်(၁)မေးခွန်း ဖြေကြားအပ်ပါတယ်။

တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားပညာတော်သင်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများစေလွှတ်ရာမှာ တိုင်းရင်းဆေးဆရာများကို ဦးစားပေးစေလွှတ်ပေးလျက်ရှိပါတယ်။ သူတို့ ပြန်လည်ရောက်ရှိတဲ့အခါမှာလည်း တတ်သိလာတဲ့ ပညာဗဟုသုတများကို အချင်းချင်းပြန်လည်ပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ပြီးပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ တိုင်းရင်းဆေးဆရာများ စွမ်းရည်ပြည့်ဝပြီး တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှာလည်း အမြဲတမ်းစဉ်းစားဆောင်ရွက်လျက်ရှိတဲ့အခါမှာ ဘွဲ့လွန်သင်တန်းတွေကို ခုနက္ခွန်တော်တင်ပြခဲ့သလို ၂၀၁၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်ပြီးတော့ ဘာသာရပ်အလိုက် ပါရဂူဘွဲ့များအတွက်ကိုတော့ သင်ရိုးညွှန်းတမ်းနဲ့ သင်တန်းဆရာများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီဆောင်ရွက်ပြီးသွားတဲ့အခါမှာ ပါရဂူဘွဲ့များအပ်နှင်းရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်တော့ နိုင်ငံခြားပညာတော်သင်လွှတ်ပြီးတော့ ပါရဂူဘွဲ့များကို အိန္ဒိယသင်တန်းမှာ လေ့ကျင့်ပေးလျက်ရှိပါတယ်။ နောက် နိုင်ငံခြားပညာတော်သင်များကို စေလွှတ်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လောလောဆယ် လက်ရှိတိုင်းရင်းဆေးသိပ္ပံဒီပလိုမာသင်တန်းကို ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးဘဲနဲ့ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းနှင့် ဂုဏ်တစ်နှစ်သင်တန်းဆင်းတွေကို ပေါင်းကူးဒီပလိုမာပေးဖို့လည်း လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ဌာနတွင်းတိုင်းရင်းဆေးဆရာများအား စဉ်ဆက်မပြတ်ပညာတိုးတက်ရေးအတွက် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်းတင်ပြအပ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ တိုင်းရင်းဆေးပညာမှာမရှိမဖြစ်တဲ့ သုတေသနလုပ်ငန်းတွေကို တိုင်းရင်းဆေးဆရာလောကထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာရေးအတွက် ဒါကို တစ်စိုက်မတ်မတ် ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာကို သမားစဉ်ဆက်တတ်မြောက်လာပြီး ကုသအောင်မြင်လျက်ရှိတဲ့ ရိုးရာတိုင်းရင်းဆေးဆရာများကို ကျွန်တော်တို့ ဖော်ထုတ်စိစစ်ပြီးတော့ အသိအမှတ်ပြု တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်(တဆ) ပေးရန်နှင့် ထင်ရှားကျော်ကြားအောင်မြင်တဲ့ တိုင်းရင်းဆေးသမားတော်ကြီးများကို သက်ဆိုင်ရာဒေသမှ စိစစ်တင်ပြလာမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းဆေးကောင်စီမှ ဆရာကြီးတွေ ရှိပါတယ်။ အဲဒီမှာ တိုင်းရင်းဆေးသမားတော်ကြီးများကနေ လိုအပ်သလို စစ်ဆေးစိစစ်ပြီးတော့မှ တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်(တဆ)ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်မှာတော့

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပင်လောင်းမြို့နယ် လုံပျဉ်ကျေးရွာအုပ်စု ဆောင်ပြောင်းအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်း အဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားသော ဧည့်သည်တော်များအားလုံးကို ကျွန်တော့်အနေနဲ့ လေးစားချစ်ကြည်ပါကြောင်း ဦးစွာဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကျွန်တော်နှင့်တကွ ပင်လောင်းမြို့နယ် တောင်ပိုင်းတစ်ခြမ်းလုံးရှိ လုပ်သားပြည်သူများသိလိုတဲ့ အကြောင်းအရာတစ်ခုကတော့ ပင်လောင်း မြို့နယ် လုံးပင်ကျေးရွာအုပ်စု၊ ဆောင်ပြောင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တွင်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဆောင်ပြောင်းကျေးရွာဟာ ပင်လောင်း-လွိုင်ကော် ပြည်ထောင်စု လမ်းမပေါ်တွင်တည်ရှိပြီးတော့ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်နယ်စပ်တွင်တည်ရှိသော ရွာကြီး တစ်ရွာဖြစ်ပါတယ်။ နယ်စပ်မြို့နယ်နှစ်ခုဖြစ်တဲ့ အားလျော်စွာ ရှမ်း၊ ပအိုဝ့်၊ ကယား၊ နှစ်ထပ်ကရင် စသည့်တိုင်းရင်းသားများ စုပေါင်းပြီး အေးအတူပူအမျှ နေထိုင်ကြတဲ့အရပ်ဒေသ တစ်ခုပဲဖြစ်ပါတယ်။ ယခုအချိန်မှာ ဆောင်ပြောင်းကျေးရွာဟာစံပြကျေးရွာဖြစ်တဲ့အပြင် ၂၄ နာရီမီးရရှိရေး၊ မီးလင်းခြင်း၊ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးနိုင်ငံတော်မှ ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် ကြိုးစားပမ်းစား နယ်သူနယ်သားများမှ တစ်ဖက်တစ်လမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကျောင်း၏ မြောက်ဘက်ပင်ကွမ် အ.ထ.ကကျောင်းမှ ၈ မိုင်ခန့်ဝေးပြီးတော့မှ တောင်ဘက်ဖယ်ခုံမြို့ရှိ အထက်တန်းကျောင်းရှိ ၁၀ မိုင် ကျော်ကွာဝေးပါတယ်။ ဒါ့အပြင်ပတ်ဝန်းကျင်တွင် မူလတန်းကျောင်း ပေါင်း ၂၀ ကျော်လည်း ဝိုင်းရံထားတဲ့ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ဆောင်ပြောင်းအထက်တန်း ကျောင်းခွဲရဲ့ သမိုင်းကိုကြည့်တဲ့အခါမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပြည်သူ့ကောင်စီ အဆင့်ဆင့်ခေတ် ကတည်းက မြန်မာပြည်ကွန်မြူနစ်ပါတီ ပဲခူးရိုးမပြန်လည်အခြေကုတ်ရရှိရေးအတွက်

စစ်ဆင်ရေးတစ်ရပ်တွင် ထူးခြားသောဖြစ်စဉ်တစ်ရပ်ကြောင့် စည်းလုံးရေးကိုရှေးရှုဦးတည်ပြီး အလယ်တန်းကျောင်းကို ဖွင့်လှစ်ပေးကြောင်းသိရပါတယ်။ အထက်ပါကျွန်တော်တင်ပြခဲ့တဲ့ အကြောင်း အချက်အလက်များအပြင် အလယ်တန်းကျောင်းအဖြစ် ရပ်တည်လာခဲ့တာဟာ နှစ်အတော်ကြာပြီ ဖြစ်ပါတယ်။ ယခု အချိန်မှာဆိုရင်လည်းပဲ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ပတ်ဝန်းကျင်နှင့် ကျောင်းရဲ့လိုအပ်တဲ့အင်္ဂါ၊ လက္ခဏာရပ်များလည်း ပြည့်စုံနေပြီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးများခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးအား ဆောင်းပြောင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါက ပင်လောင်းမြို့နယ်တောင်ခြမ်းနှင့် ဖယ်ခုံ မြို့နယ်အနောက် မြောက်ခြမ်းရှိ ရှမ်း၊ ပအိုဝ့်၊ ကယား၊ ကရမ်း၊ နှစ်ထပ်ကရင်စသည့် တိုင်းရင်းသား များ၏ ရင်သွေးငယ်များ ဆုံးခန်းတိုင်ပညာသင်ကြားနိုင်မှာဖြစ်ကြောင်း ဧကန်မလွဲဖြစ်တဲ့အတွက် ဤမေးခွန်းကို လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား ရိုသေလေးစားရပါကြောင်း ဦးစွာတင်ပြအပ် ပါတယ်။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည် တင်ပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဆောင်ပြောင်းအထက(ခွဲ)အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အခြေခံပညာအဆင့်တွင် အားကစားကို စွမ်းအင်တစ်ရပ် (ဘာသာရပ်တစ်ခု)အဖြစ် သတ်မှတ်ကျင့်သုံး ဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ အခြေခံပညာအဆင့်တွင် အားကစားကို စွမ်းအင်တစ်ရပ် (ဘာသာရပ်တစ်ခု)အဖြစ် သတ်မှတ်ကျင့်သုံး ဆောင်ရွက်ရန်အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်မှာ အားကစားဝါသနာရှင်များနှင့် အားကစားကလောင်ရှင်များက မြန်မာ့အားကစားအဆင့် ကိုဝေဖန်သုံးသပ်ရေးသားဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၆၂ ခုနှစ် ကနေပြီးတော့ ၁၉၇၄ ခုနှစ်အထိ မြန်မာ့အားကစားအဆင့်ဟာ ရွှေခေတ်လို့တင်စားဖော်ပြထားတာကိုတွေ့ရပါတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အထိ အခြေခံအခြေအနေကိုလေ့လာတဲ့အခါမှာ ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့်မှာ စနစ်ကျတဲ့ လုပ်ငန်းစီမံချက်ရေးဆွဲထားတာကို လေ့လာတွေ့ရှိရပါတယ်။ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆရာ့လက်စွဲမူလတန်းလွန်ဆိုတဲ့ စီမံချက်စာအုပ်ကို ၁၉၆၄ ခုနှစ်မှာ ပြုစုထုတ်ဝေထားတာကိုလေ့လာတွေ့ရှိရပါတယ်။ အဲဒီလက်စွဲစာအုပ်မှာ အဖွဲ့များဖွဲ့စည်းပြီးတော့ တစ်ဖွဲ့ချင်းစီရဲ့ လက်တွေ့ဆောင်ရွက်ရမယ့်အသေးစိတ်စီမံချက်များကို စနစ်တကျရေးဆွဲပြဌာန်းပေးတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီအဖွဲ့တွေကတော့ ကာယပညာအဖွဲ့၊ ကျောင်းကျန်းမာရေးအဖွဲ့၊ ပန်းချီအနုပညာလေ့လာရေးအဖွဲ့၊ အနုပညာဂီတအဖွဲ့၊ စာပေဖြင့်အသိပညာမြှင့်တင်ရေးအဖွဲ့၊ ဗဟုသုတရှာမှီးရန် ခရီးသွားလုပ်ငန်းအဖွဲ့၊ စက်မှုလက်မှုအဖွဲ့၊ သင်ရိုးဖက်သိပ္ပံလုပ်ငန်း အဖွဲ့၊ စိုက်ပျိုးမွေးမြူရေးအဖွဲ့၊ အိမ်တွင်းမှုသိပ္ပံအဖွဲ့နှင့် ဝါသနာပါလုပ်ငန်းအဖွဲ့ဆိုပြီးတော့ ဖွဲ့စည်းထားတာကိုတွေ့ရပါတယ်။ အဲဒီအဖွဲ့တွေကတော့ အလယ်တန်းနှင့်အထက်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းတွေမှာ အားလုံးဖွဲ့စည်းထားတာကိုတွေ့ရပါတယ်။ ၁၉၆၄ ခုနှစ် တော်လှန်ရေးအစိုးရပညာရေးဝန်ကြီးဌာနမှ ပြုစုထုတ်ဝေခြင်းဖြစ်ပြီးတော့ ပညာရေးတာဝန်ခံကတော့ ဗိုလ်မှူးကြီးဒေါက်တာစည်သူလှဟန် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းနဲ့ အဓိကဆက်စပ်နေတဲ့ ကာယပညာအဖွဲ့ရဲ့ ဆောင်ရွက်ချက်အကျဉ်းကို ဖော်ပြလိုပါတယ်။ ကာယပညာအဖွဲ့ရဲ့ အသေးစိတ်စီမံချက်မှာ အားကစားနည်းအလိုက် အသက်အပိုင်းအခြားအလိုက် လုပ်ဆောင်ရမယ့်အခြေခံကျွမ်းကျင်မှုစနစ်များကို ဖော်ပြထားပါတယ်။ ကျောင်းသူကျောင်းသားတိုင်း မဖြစ်မနေဆောင်ရွက်ရမယ့် အသက်အပိုင်းအခြားအလိုက် ကြံ့ခိုင်ရည်ဆန်းစစ်မှုစံချိန်များကို သတ်မှတ်ပြီးတော့ သတ်မှတ်စံချိန်အောက်ရောက်နေတဲ့ ကျောင်းသူကျောင်းသားများကို ကာယပညာဘာသာရပ်ကျရှုံးတယ်လို့ သတ်မှတ်ပါတယ်။

ဥပမာ အလယ်တန်းအဆင့် အမျိုးသားဆိုလို့ရှိရင် အသက် ၁၄ နှစ်ကနေ ၁၇ နှစ်အတွင်းမှာရှိတဲ့ ကျောင်းသူကျောင်းသားများရဲ့ အနိမ့်ဆုံးစံချိန်ကတော့ မီတာ ၁၀၀ ကို ၁၃ စက္ကန့် အမြင့်ခုန်ကို ၄ ပေ ၆ လက်မ၊ အလျားခုန်ကို ၁၅ ပေ ၆ လက်မ၊ တွန်းထ ၂ မိနစ်ကို ၁၅ ကြိမ်၊ အိပ်ထမတင် ၁ မိနစ်ကို အနည်းဆုံး ၂၅ ကြိမ်၊ ခိုဆွဲကို ၂ မိနစ်ကို ၈ ကြိမ်အနည်းဆုံးစံချိန်သတ်မှတ်ပါတယ်။

အလယ်တန်းအဆင့် အမျိုးသမီးအသက် ၁၄ နှစ်ကနေ ၁၇ နှစ်အောက်ရဲ့စံချိန်ကတော့ မီတာ ၁၀၀ ကို ၁၅.၂ စက္ကန့်၊ အမြင့်ခုန် ၄ ပေ၊ အလျားခုန် ၁၂ ပေ ၁၀ လက်မ၊ တွန်းထ ၂ မိနစ်ကို ၁၅ ကြိမ်၊ အိပ်ထမတင် ၁ မိနစ်ကို အနည်းဆုံး ၁၅ ကြိမ်၊ ခုန်ထကို ၂ မိနစ်ကို အနည်းဆုံး ၁၅ ကြိမ်၊ အထက်တန်းအဆင့် အမျိုးသား အသက် ၁၇ နှစ်ကနေ ၂၀ နှစ်အတွင်းမှာရှိတဲ့ ကျောင်းသူကျောင်းသားများရဲ့ အနိမ့်ဆုံးစံချိန်ကတော့ မီတာ ၁၀၀ ကို ၁၂.၈ စက္ကန့်၊ အမြင့်ခုန် ၄ ပေ ၁၀ လက်မ၊ အလျားခုန် ၁၇ ပေ၊ တွန်းထ ၂ မိနစ်ကို ၁၈ ကြိမ်၊ အိပ်ထမတင် ၂ မိနစ်ကို အနည်းဆုံးအကြိမ် ၃၀ ၊ ခိုဆွဲက ၂ မိနစ်ကို အနည်းဆုံး ၁၀ ကြိမ် စသည်အားဖြင့်သတ်မှတ်ပြီးတော့ ကာယစွမ်းရည်ဆန်းစစ်တာကိုတွေ့ရပါတယ်။ အဲဒီဖော်ပြခဲ့တဲ့အတိုင်းပဲ ကာယကြံ့ခိုင်မှုဆန်းစစ်တဲ့စံချိန်များသတ်မှတ်ပေးထားတဲ့အတွက် ကာယပညာဘာသာရပ်မှာ မကျရှုံးနိုင်အောင် ကျောင်းသူကျောင်းသားများအားလုံး အားကစားကွင်း၊ အားကစားရုံများကို အလိုအလျောက် ရောက်ရှိလေ့ကျင့်ရေး မိမိတို့စိတ်ပါဝင်စားတဲ့ အားကစားနည်းတစ်ခုကို တစ်စိုက်မတ်မတ်လေ့ကျင့်ခွင့်ရတဲ့အတွက် မီးခဲပြာဖုံးကစားသမားများ၊ ရွှက်ပုံးသီးကစားသမားများ၊ ပါရမီရှင်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာတဲ့အတွက်ကြောင့် ၁၉၆၄ ခုနှစ်ကနေပြီးတော့ ၁၉၇၄ ခုနှစ်အကျော်ကာလအထိ မြန်မာ့အားကစားအဆင့်ဟာ ရွှေခေတ်အဖြစ်မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်နောက်ပိုင်း ယနေ့အထိ အခြေခံပညာအဆင့်မှာ အားကစားနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ဆရာ့လက်စွဲစီမံချက်စာအုပ် စသည်တို့ကို ပြုစုထုတ်ဝေထားတာမျိုးမတွေ့ရှိရပါဘူး။ ဒါပေမယ့်လည်း မိမိအနေနဲ့ လေ့လာမှုအားနည်းနေတာကြောင့်လည်းဖြစ်နိုင်တယ်။ လက်လှမ်းမမီတာကြောင့်လည်း ဖြစ်နိုင်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာအဆင့်မှာ ကျောင်းသူကျောင်းသားတိုင်း အားကစားနည်း တစ်နည်းနည်းမှာ မဖြစ်မနေပါဝင်ယှဉ်ပြိုင်ရေးမှု Compulsory Participate တစ်ရပ်ချမှတ်ဆောင်ရွက်မှသာ ထိရောက်မှာဖြစ်လို့ အလားအလာရှိတဲ့ မျိုးရိုးဗီဇကောင်းတဲ့ မျိုးဆက်သစ်ကစားသမားများ မီးခဲပြာဖုံးကစားသမားများ၊ ရွှက်ပုံးသီးကစားသမားများ အစစ်အမှန်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ အခြေခံပညာအဆင့်မှာ အခြေခံကောင်းပြီး အလားအလာရှိတဲ့

အားကစားသမားများကို အားကစားဝန်ကြီးဌာနက ဆက်လက်မွေးထုတ်မြေတောင်မြှောက်ပေးခြင်း နည်းလမ်းဖြင့်သာ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာလိမ့်မယ်လို့ အလေးအနက် ခံယူထားတဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့်မှာ အားကစားကို စွမ်းရည် တစ်ရပ် (ဘာသာရပ်တစ်ခု)အဖြစ် သတ်မှတ်ကျင့်သုံးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုတဲ့ အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ အခြေခံပညာ အဆင့်မှာ အားကစားကို စွမ်းရည်တစ်ရပ်ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်ကျင့်သုံးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအရ အခြေခံပညာအဆင့်အတန်း အသီးသီးမှာ ကာယပညာနှင့် အားကစားဘာသာရပ်ကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် သတ်မှတ်ပြီး အခြေခံပညာကျောင်းအားလုံးမှာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ မူလတန်း အောက်အဆင့်မှာ ကိုယ်ခန္ဓာကျန်းမာရေး လေ့ကျင့်ခန်း၊ကြံ့ခိုင်စွမ်းရည်လေ့ကျင့်ခန်းများ၊ သီဆို လှုပ်ရှားအားကစားနည်းများ၊ စုပေါင်းကစားနည်းများပါဝင်ပါတယ်။ သင်ချိန်ခွဲဝေမှုမှာ တစ်ပတ်လျှင် သင်ချိန် ၄ ချိန်ဖြင့် တစ်နှစ်လျှင် ၁၄၄ ချိန်ဖြစ်ပါတယ်။ မူလတန်းအထက်ဆင့်မှာ မူလတန်းအောက် အဆင့်၌သင်ကြားတဲ့ ခေါင်းစဉ်များအနက် သီဆိုလှုပ်ရှားအားကစားနည်းမှလွဲ၍ အားလုံးပါဝင်ပါ တယ်။ သင်ချိန်ခွဲဝေမှုမှာ တစ်ပတ်လျှင် ၄ ချိန်ဖြင့် တစ်နှစ်လျှင် ၁၄၄ ချိန်ဖြစ်ပါတယ်။ အလယ်တန်း အဆင့်တွင် ကာယပညာအကြောင်း၊ လက်တွေ့လေ့ကျင့်ခန်းများ၊ ကြံ့ခိုင်စွမ်းရည်လေ့ကျင့်ခန်းများ၊ အတန်းအုပ်ချုပ်မှု အားကစားနည်းများပါဝင်ပါတယ်။ သင်ချိန်ခွဲဝေမှုမှာ တစ်ပတ်လျှင် သင်ချိန် ၂ ချိန် ဖြင့် တစ်နှစ်လျှင် ၇၂ ချိန်ဖြစ်ပါတယ်။ အထက်တန်းအဆင့်မှာ သင်ကြားသော အကြောင်းအရာများမှာ အလယ်တန်း အဆင့်အတိုင်းဖြစ်ပြီး သင်ချိန်ခွဲဝေမှုမှာ တစ်ပတ်လျှင် သင်ချိန် တစ်ချိန်နှုန်းဖြင့် တစ်နှစ် လျှင် ၃၆ ချိန် သင်ကြားလျက်ရှိပါတယ်။ အားကစားတွင် ထူးချွန်တဲ့လူငယ် လူရွယ်များကို နိုင်ငံတော်က တာဝန်ယူပြီး ပညာသင်ကြားမှုမပျက် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိတဲ့ အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးအထက်တန်းကျောင်း ၂ ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်

ထားရှိပြီး ဖြစ်ပါတယ်။ လူငယ်များရဲ့ အားကစားအရည်အသွေးမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခြေခံပညာကျောင်းများမှာ အကျင့်စာရိတ္တကောင်းမွန်ပြီး ဘက်စုံပညာထူးချွန်တဲ့ ကျောင်းသားကျောင်းသူများဖြစ်အောင် ဆောင်ရွက်ရာမှာ အားကစားသည်အပိုင်းကဏ္ဍတစ်ရပ်အနေဖြင့် ခိုင်ခိုင်မာမာထည့်သွင်းဆောင်ရွက်နေပြီဖြစ်ပါ၍ အခြေခံပညာအဆင့်တွင် အားကစားစွမ်းရည်တစ်ရပ် (ဘာသာရပ်တစ်ခု) အဖြစ် သတ်မှတ်ကျင့်သုံးဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပညာရေးကောလိပ်သင်တန်းဆင်း လက်ရှိဘွဲ့ရ အထွေထွေကျောင်းလုပ်သားများ မူလတန်းဦးသင်ကြားရေး တာဝန်ယူထားရသော ဆရာဆရာမများအဖြစ် ရာထူးတိုးမြှင့်တာဝန်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လပွတ္တာမြို့နယ်မှာ ပညာရေးဌာနရဲ့ မူလတန်းဆရာဆရာမများလိုအပ်ချက်ကို ၂၀၀၃ ခုနှစ်၊ ဇွန်လမှာ ဆွဲခန့်ဆရာအဖြစ်လည်းကောင်း၊ အထွေထွေ ကျောင်းလုပ်သားသင်ကြားရေးအဖြစ်လည်းကောင်း ခေါ်ယူခဲ့ပါတယ်။ အဲဒီလို ခေါ်ယူခဲ့တဲ့အတွက် ဒေသမှာရှိတဲ့ ဘွဲ့ရလူငယ်မောင်မယ်များဟာ ဒီပညာရေးမူလတန်းဆရာအဖြစ် ဝင်ရောက်ပြီးတော့ လျှောက်ထားခဲ့ကြပါတယ်။ အဲဒီလို လျှောက်ထားရာမှာ ဆွဲခန့်ဆရာဆိုတာကတော့ မရေရာမသေချာဘူး။ အထွေထွေကျောင်းလုပ်သားသင်ကြားရေးကတော့ ရာထူးတိုးတက်မှုရှိနိုင်တယ်ဆိုပြီးတော့ အထွေထွေကျောင်းလုပ်သားသင်ကြားရေးဝန်ထမ်းနေရာကို ဦးစားပေးပြီးလျှောက်ထားခဲ့ပါတယ်။ လျှောက်ထားရာမှာလည်း တစ်နှစ်ကြာလို့ရှိရင် မူလတန်းပြအဖြစ် အဆင့်တိုးမြှင့်ပေးမယ်။ ဆက်လက်ပြီး အလယ်တန်းပြ၊ B.Ed ဝင်ခွင့်တွေဖြေလို့ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝင်ရောက်လျှောက်ထားခဲ့သော်လည်း ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်အထိ ၂ နှစ်ကြာတဲ့အထိ ရာထူးတိုးမြှင့်ခြင်းမခံရတဲ့အချိန်မှာ ၂၀၀၅ ခုနှစ်၊ မေလမှာ ပညာရေးကောလိပ်သင်တန်းတက်ရောက်ပြီးရင် ရာထူးတိုးမြှင့်ပေးမယ်ဆိုလို့ မြောင်းမြပညာရေးတက္ကသိုလ်အပတ်စဉ် (၂၆) မှာသွားရောက်ပြီးတော့

သင်တန်းတက်ပါတယ်။ ဒါ့အပြင် သင်ကြားရေးအထောက်အကူပြုသင်တန်းတွေ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းတွေလည်း ထပ်မံတက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်အထိ ရာထူးတိုးမြှင့်ခံရခြင်းမရှိခဲ့ပါဘူး။ နာဂစ်ဖြစ်တဲ့အချိန်မှာ နာဂစ်ဒေသမှာလိုအပ်တဲ့ ဆရာဆရာမများ နေရာတွေကိုလည်း အစားထိုးပြီး သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ သို့သော်လည်း ရာထူးတိုးမြှင့်ခြင်းမရှိခဲ့ပါဘူး။ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လမှာတော့ မြို့နယ်ပညာရေးဌာနရဲ့ လစဉ်အစည်းအဝေးမှာ မူလတန်းပြအဖြစ်ရာထူး တိုးမြှင့်ပေးမယ်။ အထွေထွေကျောင်းလုပ်သားသင်ကြားရေးတွေ လျှောက်လွှာခေါ်မယ်။ လျှောက်လွှာ တင်ပါဆိုပြီး လျှောက်လွှာ ရောင်းလို့ဝယ်ပြီးတော့ လျှောက်လွှာတင်ခဲ့ကြရပါသေးတယ်။ အဲဒီအချိန် မှာပဲ တချို့ကတော့ အထွေထွေကျောင်းလုပ်သားကနေ မူလတန်းဆရာအဖြစ်တိုးမြှင့်ခြင်းခံရတယ်။ တိုးမြှင့်ခံရတဲ့ မူလတန်းဆရာတွေက တချို့အလယ်တန်းပြတွေဖြစ်တယ်။ တချို့ B.Ed တွေဖြစ်ကြ ပါတယ်။ သို့သော် ကျွန်တော် နယ်မြေကို အတွေ့အကြုံရှင်းလင်းပွဲသွားစဉ်က အထွေထွေကျောင်း လုပ်သား ၃၀၊ ၄၀ လောက်က သူတို့တော့ ရာထူးတိုးမြှင့်ခြင်း မခံရသေးတဲ့အတွက် ကူညီပေးပါ။ လုပ်သက်လည်း ၁၀ နှစ်လောက်ရှိပါပြီ။ သူတို့ကို လက်ရှိ ပညာသင်နှစ်မှာ ပြောကြတာကတော့ နောက်ထပ်ပညာရေးကောလိပ်ကို ထပ်ပြီးတော့ တက်ရပါမယ်။ တက်တော့မှသာ ရာထူးတိုးမယ်လို့ ပြောတဲ့အခါမှာ လုပ်သက် ၁၀ နှစ်လောက်ရှိပြီ။ မူလကလည်း ပညာရေးကောလိပ် အပတ်စဉ်(၂၆) တက်ထားပြီးပြီ။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သင်တန်း တွေလည်း တက်ထားတဲ့ အထွေထွေကျောင်း လုပ်သားသင်ကြားရေးက ဆရာဆရာမများဟာ များစွာနစ်နာတယ်လို့ ယုံကြည်မိတဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်း ကတော့ ပညာရေးကောလိပ်သင်တန်းတက်ရောက်ပြီး လက်ရှိဘွဲ့ရ အထွေထွေကျောင်းလုပ်သား မူလတန်းပြသင်ကြားရေးတာဝန်ယူထားတဲ့သူများအား မူလတန်း ဆရာဆရာမများအဖြစ် ရာထူးတိုးမြှင့် ပေးနိုင်ရန် အစီအစဉ်ရှိ၊မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါကြောင်းသိလို၍ ၎င်းတို့ကိုယ်စားမေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကျူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ မင်္ဂလာပါခင်ဗျား။ မူလတန်းပြ တာဝန်ခန့်ထားခြင်း မခံရသေးတဲ့ ပညာရေးကောလိပ်သင်တန်းဆင်းထားသော လက်ရှိဘွဲ့ရ

အထွေထွေကျောင်းလုပ်သားတာဝန်ဖြင့် မူလတန်း၌ သင်ကြားရေးတာဝန်ယူထားရတဲ့ ဆရာဆရာမများရာထူးတိုးမြှင့်တာဝန်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် တင်ပြဖြေကြားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်အတွင်းရှိတဲ့ နာဂစ်မုန်တိုင်းအပြီး မုန်တိုင်းဒဏ်သင့်ဒေသများမှာ သင်ကြားရေးလိုအပ်ချက်အရ ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းဆရာအတတ်သင် စာပေးစာယူသင်တန်းများကို တက်ရောက်စေရန် သင်ကြားရေးတာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ၎င်းမူလတန်းဆရာဖြစ်လက်မှတ်ရပြီးသော အထွေထွေလုပ်သားများကို မူလတန်းပြများခန့်ထားချိန်တွင် ကာယကံရှင်များရဲ့ ဆန္ဒပြုနေရာအသီးသီး၌ ဆရာကန့်သတ်အင်အားပေါ်မူတည်ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သာစည်မြို့နယ် ညောင်ရမ်း-မင်းလှကန်၏ အထက်မှာရှိသော ညောင်တိုကွင်း၊ သမန်းကန်ကွင်း၊ ဇီးတောကွင်း၊ ကြက်မောက်ကွင်း၊ သာစည်လေးကျောင်းရွာကွင်းများအတွင်းရှိ လယ်မြေများ စိုက်ပျိုးရေရရှိရေးအတွက် မူလလျာထားသတ်မှတ်ခဲ့သော ရဲဘော်ဆည်နေရာတွင် ဆည်ပြန်လည်တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော် သာစည်နှင့်ပတ်သက်လို့ ဆည်ငယ်တစ်ခုအကြောင်းကို မေးခွန်းမေးမှာ ဖြစ်ပါတယ်။ သာစည်မြို့နယ် ကြက်မောက်အုပ်စုတွင် မိတ္ထီလာမြို့နယ်နှင့်ထိစပ်နေသောနေရာ၌ ရဲဘော်ဆည်ဟုအမည်တွင်သော ဆည်တစ်ခုရှိခဲ့ပါတယ်။ ၎င်းဆည်ကြောင့် တောင်သူများ နှစ်စဉ်စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ကာလကြာမြင့်သည့်အလျောက် ပြုပြင်ရန်လိုအပ်မှုများရှိလာသည့်အတွက် ဆည်မြောင်းဦးစီးဌာနသို့ တင်ပြအကူအညီတောင်းခံရာတွင် တာဝန်ရှိသူများမှ လာရောက်ကွင်းဆင်းတိုင်းထွာကြောင်း သိရှိခဲ့ရပါတယ်။ ဒါပေမယ့် တောင်သူတစ်ဦး တစ်ယောက်မည်သို့မည်ပုံတားဆီးလိုက်သည်ကို မသိရဘဲ ၎င်းနေရာမှအောက်ဘက်ကိုက် ၅၀၀ ခန့် အကွာတွင် ဇီးတောဆည်ဟု အမည်ပေးပြီး ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၉ ခုနှစ် ရေများလာတဲ့အခါမှာ အဆိုပါဆည်ဟာ ကျိုးပျက်ပျက်စီးခဲ့ပါတယ်။ ထိုသို့ဖြစ်ရခြင်းမှာ ဇီးတောဆည်ဟာ မူလရဲဘော်ဆည်ထက်အနိမ့်ပိုင်းသို့ ရောက်သွားခြင်းကြောင့် ဖြစ်တယ်

လို့ သိရပါတယ်။ လက်ဝဲလက်ယာရေနုတ်မြောင်းဟာ မြင့်နေသောကြောင့် ရေထွက်နိုင်ခြင်းမရှိဘဲ စီးလာသည့်ရေဝဲဂယက်ရိုက်ပြီး ဆည်၏လက်ရမ်းများကို ကျိုးပျက်စေခဲ့ပါတယ်။ ဇီးတောဆည် ရွှေ့ပြောင်းတည်ဆောက်မှုကြောင့် အကျိုးပြုနိုင်မည့်ဧကမှာ ၂၈၁ ဧကဖြစ်ပြီး ၎င်းဆည် ၏ပထဝီ မြေအနေအထား ရေစီးရေလာအနေအထားများမှာ သဘာဝနှင့်ဆန့်ကျင်နေပါတယ်။ ကောင်းကျိုး ထက်ဆိုးကျိုးများနေပါသဖြင့် မူလရဲဘော်ဆည်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ ဆည်ငယ် တစ်ခုတည်ဆောက်ပေးရန်နှင့်ပတ်သက်၍ မေးမြန်းခြင်းအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိတ္ထီလာတောင်ကန် ရေကျော် ၇ပေါက်မှ ထုတ်လွှတ်သော ပိုလျှံရေများအား ချောင်းမမြောင်း တစ်လျှောက် ညောင်မြင့်ရေလွှဲဆည်၊ နှံ့ရာရေလွှဲဆည်၊ သင်းဝင်ရေလွှဲဆည်၊ အုတ်ဖိုရေလွှဲဆည် စသည့် ရေလွှဲဆည်အဆင့်ဆင့် တည်ဆောက်၍ မိတ္ထီလာမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ကျန်ပိုလျှံရေဖြင့် သာစည်မြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရန် ဇီးတောဆည်ကို ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါတယ်။ ရဲဘော်ဆည်မှာ ဇီးတောဆည်၏ အထက်ဘက် ပေ ၅၀၀ ခန့်တွင် တောင်သူများမှ ချောင်းအားသဲအိတ်ဖြင့်ပိတ်၍ ပင်းတားပြီး စိုက်ပျိုး ရေရယူသော ပင်းတားဆည် တစ်ခုဖြစ်ပါတယ်။ ၎င်းနေရာ၌ ရေလွှဲဆည်တည်ဆောက်ရန် လျာထားခဲ့ သော်လည်း စူးစမ်းလေ့လာမှုအရ ချောင်းအတွင်းသဲထုမှာ ၁၅ ပေ အထက်ကျော်လွန်တည်ရှိပြီး လက်ဝဲဘက်ရေပေးမြောင်းတည်ဆောက်ရန် ဖြစ်နိုင်စွမ်းမရှိသဖြင့် ရဲဘော်ရေလွှဲဆည်ကို မတည် ဆောက်ခဲ့တော့ဘဲ အဆိုပါရေလွှဲဆည်တည်ဆောက်ရန် လျာထားသည့်နေရာ၏ အောက်ဘက်ပေ ၅၀၀ ခန့်အကွာ သဲထုအပါးဆုံးနေရာတွင် ဇီးတောဆည်ကိုတည်ဆောက်ခဲ့ပြီး လက်ဝဲလက်ယာ ရေပေး

မြောင်းများဖြင့် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် ရဲဘော်ရေလွှဲဆည်မှာ ဖြစ်မြောက်နိုင်စွမ်းမရှိသဖြင့် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုးစပါးသီးနှံချေးငွေအပေါ် အတိုးဆပ်၍ အရင်းငွေအား တစ်နှစ်ဆိုင်းငံ့ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အတိုးအရင်း စုစုပေါင်းအပေါ်မှာ ၅၀ ရာခိုင်နှုန်းအား ပေးဆပ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းအား တစ်နှစ် ဆိုင်းငံ့ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ မိုးစပါးစိုက်ပျိုးရာသီက တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ၅၀၀၀၀ နှုန်းနှင့် ထုတ်ချေးခဲ့ကြတာဖြစ်ပါတယ်။ ဒီမှာလည်းပဲ ချေးစဉ် အခါကတည်းက စည်းကမ်းများအရ ပေးဆပ်ရမည့်အချိန်ကာလသတ်မှတ်ထားပြီးတော့ အပြည့်အဝ ပြန်လည်ပေးဆပ်ဖို့လည်း အတိုးအရင်းဆပ်ဖို့လည်း တောင်သူများဥပဒေအရ သိရှိပြီး ဖြစ်ပါတယ် ခင်ဗျား။ သို့ရာတွင် ပြီးခဲ့တဲ့နှစ် ရာသီဥတုဆိုးဆိုးရွားရွားဖောက်ပြန်မှုကြောင့် အောက်ခြေကျေးရွာများ မှာရှိတဲ့ မိုးစပါးစိုက်ပျိုးထုတ်ယူထားတဲ့ စိုက်ပျိုးစရိတ်ထုတ်ယူထားတဲ့ တောင်သူများမှာ ယခုလို အတိုး ရော၊ အရင်းရော ပြန်လည်ပေးဆပ်ချိန်မှာ များစွာအခက်အခဲရှိနေတာပဲ ဖြစ်ပါတယ်။ သီးနှံမရရှိခြင်း၊ သီးနှံအထွက်နှုန်းလျော့ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဒီကိစ္စရပ်များကို အောက်ခြေမှာ ကွင်းဆင်းတဲ့အခါမှာ တောင်သူများက ပြန်လည်တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအနေအထားပေါ်မှာ တောင်သူများအနေနဲ့ အကယ်၍များ မိုးစပါးစိုက်ပျိုးစရိတ်ချေးယူထားခဲ့ရတဲ့ ချေးငွေများအပေါ်မှာ အတိုးဆပ်ပြီးတော့ အရင်းကို တစ်နှစ်ဆိုင်းငံ့ပေးဖို့အစီအစဉ်ရှိနိုင်ပါမလား သို့မဟုတ် အတိုးအရင်းနှစ်ရပ်လုံးကို ဒီနှစ်ရာသီဥတုနှင့် ငွေကြေးအခက်အခဲကြောင့် ၅၀ ရာခိုင်နှုန်းကို ဆပ်ပြီးတော့ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကို တစ်နှစ်ဆိုင်းငံ့ပေးရန် အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော်တို့ကို တင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ဒီအနေအထားလေးပေါ်မှာ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ အဆိုပါကိစ္စရပ်များအပေါ်မှာ

တောင်သူများအတွက် နည်းလမ်းတစ်ခုရှာပြီးတော့ စဉ်းစားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော့်အနေနဲ့ မေးခွန်းမေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခု ကျွန်တော် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ မေးမြန်းတဲ့ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်နှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့တဲ့ ရာသီအလိုက်၊ သီးနှံအလိုက်ချေးငွေများသည် နှစ်ချင်းဆပ်ချေးငွေများဖြစ်၍ သတ်မှတ်ကာလအတွင်း ချေးငွေများကိုအတိုးနှင့်တကွ အပြည့်အဝပြန်လည်ကောက်ခံရပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဘဏ်ချေးငွေစနစ်ဖြင့် ထုတ်ချေးခဲ့ခြင်းဖြစ်၍ အရင်းပြန်လည်ပေးဆပ်ချိန်တွင် ယင်းကာလအတိုင်း အတိုးတွက်ချက်ကောက်ခံရခြင်း ဖြစ်ပါတယ်။ တောင်သူလယ်သမားများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ထုတ်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အတိုးဖြင့်ချေးငွေရယူထုတ်ချေးခဲ့ရခြင်းဖြစ်ပါ၍ တောင်သူများမှ ချေးငွေပြန်လည်မပေးဆပ်သေးသော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြန်မာ့စီးပွားရေးဘဏ်သို့ ဘဏ်ဥပဒေစည်းကမ်းချက်များအရ သုံးလပတ်အတိုးများကို အကျေအလည်ပေးဆပ်နေရပါတယ်။ ယမန်နှစ်ကလည်း အချို့ဒေသများတွင် ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်းနှင့် သီးနှံဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ဘဏ်မှသတ်မှတ်ကာလအတွင်း ချေးငွေအပြည့်အဝပြန်လည်ပေးဆပ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိသကဲ့သို့ ကျန်တိုင်းဒေသကြီး အချို့တွင်ချေးငွေနှစ်ဆိုင်းပေးခဲ့ခြင်းမရှိသော်လည်း အချိန်ကာလနောက်ဆုတ်၍ ကောက်ခံပေးရခြင်းများရှိခဲ့ပါတယ်။ အထူးကိစ္စတစ်ရပ်အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ထူးခြားအခြေအနေများအရ အမှန်တကယ် ထူးခြားအခက်အခဲကြုံတွေ့နေရသည့် မြို့နယ်၊ ကျေးရွာအချို့ကိုမူ ခွင်းချက်အနေဖြင့် ယမန်နှစ်နည်းတူ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ထောက်ခံတင်ပြလာပါက ညှိနှိုင်းကာလသတ်မှတ်ချက်ဖြင့် နောက်ဆုတ်၍ ပေးဆပ်နိုင်ခွင့်ပြုပါရန် စီစဉ်ဆောင်ရွက်ပေးသွားမည်

ဖြစ်ပါတယ်။ သို့ရာတွင် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ် ၁၉၉၀ နည်းဥပဒေ အခန်း(၆) ပုဒ်မ ၂၉ အရ ဘဏ်ကထုတ်ပေးခဲ့သော မည်သည့်ချေးငွေမျိုးကိုမဆို ချေးယူသူက အချိန်မှန်မှန်ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်သည်ယင်းပျက်ကွက်သူအား ချေးငွေသစ်များထုတ်ပေးခြင်းကို ရပ်ဆိုင်းထားရမည်ဟု ဖော်ပြပါရှိသဖြင့် နောက်ထပ်ချေးငွေအသစ် ထပ်မံထုတ်ချေးပေးနိုင်မှုအတွက် ချေးငွေအဟောင်းကို ကျေလည်အောင် ပြန်လည်ပေးဆပ်ပြီးသည့် ကာလမှသာလျှင် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းအား နိုင်ငံအဝှမ်းဆောင်ရွက်နေရသော ဝန်ဆောင်မှုဖြစ်၍ နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေးနှင့် အချိန်မီပြန်လည်ကောက်ခံရရှိရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပါ၍ သိရှိနားလည်ပေးနိုင်ပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့အစည်းအဝေးကျင်းပရာ လွှတ်တော်အစည်းအဝေးခန်းမကြီးသို့ မြန်မာနိုင်ငံမှာ ချစ်ကြည်ရေးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာကန်ချန်ဟီးနှင့်အဖွဲ့ ရောက်ရှိလေ့လာနေပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖွဲ့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လှိုက်လှဲစွာကြိုဆိုပါကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်စာအုပ်ရိုက်နှိပ်ထုတ်ဝေပေးရန် မည်မျှအချိန်ယူရပါမည်နည်းနှင့် အစိုးရ၏ ပုံနှိပ်တိုက်မှ ကြာမည်ဆိုလျှင် ပြင်ပပုံနှိပ်တိုက်များတွင် အပ်နှံဆောင်ရွက်ရန်ရှိ၊ မရှိနှင့် အဆိုပါ မှတ်တမ်းများအား မည်သည့်အချိန်တွင် တောင်သူလယ်သမားများလက်သို့ ပေးအပ်နိုင်ပါမည်နည်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စနှင့်ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် တစ်ဆက်တစ်စပ်တည်း

၆-၁၁-၂၀၁၂ မှာ ပဉ္စမပုံမှန်အစည်းအဝေးမှာ အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကတော့ လယ်ယာမြေကို အာမခံထားပြီးတော့ ကျပ်တစ်သိန်းနှင့် အခြားဘဏ်များကနေပြီးတော့ ချေးပေးဖို့ ဆိုပြီးတော့ ကျွန်တော်အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကိုလည်းပဲ ကျွန်တော်တို့ ချေးပေးနိုင်မယ့် အခြေအနေရှိကြောင်းနှင့် ဒီလယ်ယာမြေ ပိုင်ဆိုင်မှုလက်မှတ်ကိုလည်းပဲ လယ်ယာနဲ့ စိုက်ပျိုးရေးဝန်ကြီးက ထုတ်ပေးမယ့်အကြောင်း ပြောကြားပြီးတော့ ကျွန်တော်တို့ မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါနဲ့ တစ်ဆက်တစ်စပ်တည်းပဲ ဒါ ထုတ်ပေးနိုင်ဖို့အတွက် နောက်ဆက်တိုက်ထပ်မံပြီးတော့ ကျွန်တော်တို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီမှာ အဓိကကျတာက ဒီနေ့တောင်သူလယ်သမားများ ခံစားနေရတဲ့ ကိစ္စအဝဝမှာ ရာသီဥတုဒဏ်ကြောင့် သီးနှံဈေးနှုန်းများ အဆမတန်ကျဆင်းနေမှုကြောင့် ဒဏ်ခံနေရတဲ့ အချိန်မှာ နိုင်ငံတော်အနေနဲ့ တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနိုင်မယ်ဆိုရင် တောင်သူလယ်သမားများအတွက် ထွက်ပေါက်၊ အသက်ရှူပေါက်ရမှာဖြစ်တဲ့အတွက် ဒါလေးကို တိုက်တွန်းတဲ့ အနေနဲ့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီငွေချေးဖို့ဆိုတာ ဘဏ်အနေနဲ့ အာမခံမပါဘဲ ချေးလို့ မရပါဘူး။ အာမခံဖြစ်တဲ့အတွက် လယ်ယာမြေပိုင်ဆိုင်မှုကို လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနက လုပ်ကိုင်ပေးမှသာလျှင် အလျင်အမြန် လုပ်ကိုင်ပေးမှသာလျှင် တောင်သူလယ်သမားများအတွက် အထိုက်အလျှောက် အကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းမေးလိုတာကတော့ ဒီနေ့ ဒီလယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်လို့ လုပ်ပိုင်ခွင့်စာအုပ် ရိုက်နှိပ်ထုတ်ဝေမည်မှာ မည်မျှအချိန်ယူရပါမည်နည်း။ မည်သည့်နေ့ရက်အချိန်ကာလတွင် ပြီးစီးပါမည်နည်း။ အစိုးရပုံနှိပ်တိုက်မှ ကြာမည်ဆိုလျှင် ပြင်ပပုံနှိပ်တိုက်များတွင် အပ်နှံထုတ်ဝေရန်ရှိ၊ မရှိ။ တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက် အဆိုပါမှတ်တမ်းများအား မည်သည့်အချိန်တွင် တောင်သူလယ်သမားများ၏ လက်သို့ပေးအပ်နိုင်ပါမည်နည်း။ အချိန်ကြန့်ကြာမည်ဆိုလျှင် မည်သည့်အတွက်ကြောင့် ကြန့်ကြာသွားမည်နည်းဆိုတဲ့ မေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က

အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၁) အဖြစ် နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၂) ဖြင့် လယ်ယာမြေဥပဒေသည် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် လယ်ယာမြေဥပဒေပုဒ်မ ၂ အရ စတင်အာဏာတည်သည်ဟု သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၄၂ ပုဒ်မ(က)အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်အရ လယ်ယာမြေနည်းဥပဒေများကို လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် ၃၁-၈-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် လယ်ယာမြေ နည်းဥပဒေများအား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လိုအပ်သလိုလေ့လာဖတ်ရှုဆောင်ရွက် နိုင်ရေးအတွက် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇(က)နှင့် ၁၅၇(က)တို့နှင့် အညီ ၃၁-၈-၂၀၁၂ ရက်နေ့တွင် နာယက ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၂) ဖြင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ၁၆-၁၀-၂၀၁၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂) ဖြင့်လည်းကောင်း၊ ယင်းလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့်လည်းကောင်း ထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ အတွင်း လက်ရှိကိန်းဂဏန်းများအရ တောင်သူလယ်သမားပေါင်း ၆.၀၄ သန်းနှင့် ဦးပိုင်လုပ်ကွက် ပေါင်း ၁၀.၇ သန်း တို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ဦးစားပေး အသုံးပြုရမည့် ပုံစံများဖြစ်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ-၁) အရေအတွက် ၁၁ သန်း အပါအဝင် လယ်ယာမြေလုပ်ပိုင်ခွင့်စစ်ဆေးချက်၊ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း စသည့် ဆက်စပ် ရေးသွင်းစိစစ်ဆောင်ရွက်ရမည့် ပုံစံစုစုပေါင်း ၁၀ မျိုး ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်း ပုံနှိပ် ရရှိခဲ့ပြီးဖြစ်၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှတစ်ဆင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အသီးသီးထံသို့ ဖြန့်ဝေပေးပို့ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အရေအတွက် ၁၀ သန်း

ကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ဆက်သွယ်ညှိနှိုင်းပုံနှိပ်ဆောင်ရွက်လျက်ရှိနေပြီးဖြစ်၍ အချိန်မီရရှိနိုင်မည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်စာအုပ်မှတ်တမ်းများအား မည်သည့်အချိန်တွင် တောင်သူများလက်ဝယ်သို့ ပေးအပ်နိုင်မည်နည်းဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံတွင် ဖြန့်ဝေပေးပို့ထားရှိခဲ့ပြီဖြစ်သော လယ်ယာမြေဥပဒေပုဒ်မနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိရေး စတင်လျှောက်ထားသည်မှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးသည်အထိ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုချင်းစီအတွက် အချိန်ကာလကို အသေးစိတ် ဖော်ပြထားပြီးဖြစ်သည့်အတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့် စတင်လျှောက်ထားသည်မှ လုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးသည်အထိ စုစုပေါင်းအချိန်ကာလ ရက်ပေါင်း ၉၀ အတွင်းပြီးစီးအောင် ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း တို့ကို ဦးပိုင်လုပ်ကွက်အလိုက် ကိန်းဂဏန်းများ ခိုင်မာမှန်ကန်စွာဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အပြီးဆောင်ရွက်ရန်နှင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်းများကို အခြေခံလျက် မြေခွန်စည်းကြပ်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုထားပြီးဖြစ်ပါတယ်။ အချိန်နဲ့ တစ်ပြေးညီပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ မြေစာရင်း ဦးစီးဌာနမှူးများအား ၁၇-၁၂-၂၀၁၂ ရက်နေ့တွင် အသေးစိတ်ခေါ်ယူ ရှင်းလင်းဆွေးနွေး ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ လုံခြုံရေးအရ အကန့်အသတ်ရှိနေသော နယ်မြေအချို့အပါအဝင် လက်တွေ့မြေပြင်ကွင်းဆင်း ကောက်ယူနိုင်ရန်အတွက် နယ်မြေလုံခြုံရေးအရ ဆောင်ရွက်နိုင်ခြင်းမရှိသော အချို့သော ကန့်သတ်မြို့နယ်များကို ခြွင်းချက်အနေဖြင့် ချန်လှပ်ထား ရှိရန် လိုအပ်ချက်ရှိပါက၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အဘက်ဘက်မှ သုံးသပ်ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အသိပေးထားရှိပြီးဖြစ်ပါတယ်။ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များက အနီးကပ်လိုအပ်သလို ကြီးကြပ်ကွပ်ကဲစီမံလုပ်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်

ကြရန်လည်း အစိုးရအဖွဲ့အစည်းအဝေးများတွင် အထူးအလေးပေး နှိုးဆော်တိုက်တွန်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သတ်မှတ်ကာလအတွင်း စနစ်တကျပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရေး အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကာယကံရှင် တောင်သူလယ်သမားများအားလုံးမှလည်း မိမိတို့လယ်ယာမြေများအား ဥပဒေနှင့်ညီညွတ်စွာ သားစဉ်မြေးဆက် အဆက်ဆက် ခိုင်မာစွာလုပ်ကိုင်ခွင့်ရရှိရေးလုပ်ငန်းအပေါ် နိုးကြားစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော် ဆောင်ရွက်လျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုစွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းနိုင်ဖို့ ဦးအောင်ဇင် အားဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုစွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုစွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုဟာ အချိန်ကာလနဲ့မကိုက်ညီတာကတစ်ကြောင်း၊ အချက်အလက်မပြည့်စုံတာက တစ်ကြောင်း မို့လို့ ကျွန်တော့်ရဲ့အဆိုကို ပြည်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ အစည်းအဝေး တတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေးမှာကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့က ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ရဲ့ အမြဲတမ်းကော်မတီတွေဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွေဟာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ဆောင်ချက်တွေကို ပိုမို ပီပြင်လာစေဖို့ စွမ်းရည်မြင့်မားလာစေဖို့ အခွင့်အရေးတွေမဆုံးရှုံးစေဖို့ အချိန်တိုတိုနဲ့ ထိထိရောက် ရောက်ဆောင်ရွက်နိုင်ဖို့စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ လွှတ်တော်ကို အဓိကအားဖြည့် ကျားကန်ပေးနေတဲ့ ဒေါက်ကြီး ၄ ချောင်းလို့လည်းပြောလို့ရပါတယ်။ ဒီကော်မတီ တွေဟာ မိမိရဲ့လုပ်ဆောင်ချက်တွေကို လွှတ်တော်အစည်းအဝေးတွေမှာ အခါမလပ် အစီရင်ခံစာ တင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်ဆွေးနွေးခွင့်ပေးခြင်းအားဖြင့် လွှတ်တော်

ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးတွေကိုလည်း မဆုံးရှုံးအောင် ဆောင်ရွက်ပေးနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ အမြဲတမ်းကော်မတီ ၄ ခုအပြင် နောက်ထပ် လွှတ်တော်က ဖွဲ့ထားတဲ့ ကော်မတီ၊ ကော်မရှင် ၂၀ လောက်လည်း ရှိပါသေးတယ်။ ဒီကော်မတီ၊ ကော်မရှင်တွေကလည်းပဲ ပြည်သူ့အသံ၊ လွှတ်တော်အသံလို့ ကြွေးကြော်ထားတဲ့ လွှတ်တော်ရဲ့တာဝန်များ ဟန်ချက်ညီညီဝိုင်းဝန်းကြိုးစား တည်ဆောက်နေကြပါတယ်။ ၂ နှစ်တာ လွှတ်တော်သက်တမ်း ရလာသည်နှင့်အမျှ ကော်မတီတွေဟာ အတွေ့အကြုံနှင့်အရည်အချင်းတွေ တဖြည်းဖြည်းပြည့်ဝလာတယ်လို့ မြင်တွေ့ရပါတယ်။ စနစ်တစ်ခု ကတစ်ခုအပြောင်းအလဲကာလမှာ အတွေ့အကြုံအားနည်းကြပေမယ့် ကိုယ့်တိုင်းပြည်ကိုချစ်တဲ့ စေတနာနဲ့ ကြိုးစားခဲ့ကြတာဖြစ်လို့ ဒီနေ့ ပြည်သူတွေတစ်ရပ်လုံးကလည်းပဲ လွှတ်တော်ကို တစ်နှစ် ထက်တစ်နှစ် အားကိုးလာနေကြပြီဖြစ်ပါတယ်။ အစိုးရနှင့်လွှတ်တော်ကြားမှာလည်း အပြန်အလှန် စောင့်ကြည့်ထိန်းညှိမှုတွေ ရုပ်လုံးပီပြင်ပေါ်လွင်လို့လာနေပါတယ်။ ကော်မတီ ၄ ခုစလုံးရဲ့ အဓိက ရည်ရွယ်ချက်တစ်ခုက ပြည်သူ့အကျိုးအတွက် အစိုးရကိုကောင်းမွန်သန့်ရှင်းတဲ့အစိုးရဖြစ်အောင် အားဖြည့်ကူညီပေးနေခြင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ အစိုးရကို ပညာရှိသတိမြင်ရေးအတွက် ထောက်ပြအသိ ပေးနေတာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ပြောင်းလဲကျင့်သုံးနေတဲ့စနစ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ် တွေဟာ ပြည်သူ့အကျိုးကိုရည်မှန်းပြီးတော့ ပြည်သူ့ကိုယ်စား ဒေသန္တရဖွံ့ဖြိုးရေးနဲ့ အခက်အခဲ ပြဿနာတွေကို လွှတ်တော်မှာ မေးခွန်းမေးပြီးတောင်းဆိုဖြေရှင်းနေကြပါတယ်။ အစိုးရဟာ ပြည်သူ တွေရဲ့အခက်အခဲကို ပြည်သူ့ကိုယ်စားလှယ်တွေလောက် မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်မသိနိုင်ကြ ပါဘူး။ အစိုးရအသိနောက်မကျရအောင် အလိမ်မခံရအောင် လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်းတွေဖွဲ့ပြီး ကူညီပံ့ပိုးနေခြင်းသာဖြစ်ပါတယ်။ ဝင်ရောက်စွက်ဖက်တာ မဟုတ်ပါဘူး။ ဥပမာ အားဖြင့် ကျောင်းတစ်ဆောင်ဆိုပါတော့ ဘတ်ဂျက်တွက်ချက်ပြီး ချပေးတာက သစ်မာသား၊ ပျဉ်းကတိုးသား တာဝန်ခံလုပ်တဲ့သူက သစ်ပွသားနှင့်လုပ်ပြီးတော့ သဘော်ဆေးသုတ် ခေတ်ပုံရိုက်လက်မှတ်ထိုးပြီး အပေါ်တင်ပြဝေစားမျှစား စားကြသောက်ကြ ဥပမာ မြေပုံ-မင်းပြားလမ်းပေါ်မှာရှိတဲ့ ပြိုင်းချောင်း တံတားဆိုရင်အပေါ်က သံယက်မသံပေါင်တန်းတွေနဲ့ ဘေလီတံတားတိုင်ကြတော့ နှစ်ထွာခွဲလောက် ရှိတဲ့ သစ်လုံးမျောတိုင် အပေါ်ပိုင်းခေတ်ပုံရိုက်ပြီး အပေါ်တင်ပြ အဲဒီလိုကိစ္စမျိုးလည်း နိုင်ငံအနှံ့မှာ ဖြစ်နေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါတွေကို ပြည်သူ့ကိုယ်စား လွှတ်တော်မှာ မေးတယ်။ နိုင်ငံတော်အစိုးရ

သိအောင်တင်ပြပေးတာလည်း ဖြစ်ပါတယ်။ ပြည်သူ့ကဏ္ဍ၊ ပြည်သူ့ဘဏ္ဍာတွေ အလဟဿမဆုံးရှုံးရအောင် ပြည်သူတွေအသက်အန္တရာယ်မဖြစ်ရအောင် နိုင်ငံတစ်ခုလုံးရဲ့အကျိုးအတွက်ဖြစ်ပါတယ်။ အဆိုတွေတင်ပြီး ဆွေးနွေးပြီးတော့ ဥပဒေအသစ်တွေပြဋ္ဌာန်း ပြီးတော့ အဆုံးအဖြတ်ရယူပြီး အစိုးရကို တာဝန်ရှိစေတာဖြစ်ပါတယ်။ ဒီလိုလည်း လွှတ်တော်မှာ မေးမြန်းကြတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးအတည်ပြုကြတဲ့ အဆိုတွေနဲ့ပတ်သက်ပြီးတော့ ရေရှည်ရေးဆွဲပြဋ္ဌာန်းခဲ့ကြတဲ့ ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ အစိုးရဝန်ကြီးဌာနတွေမှာ ကတိတွေ၊ အာမခံချက်တွေ၊ တာဝန်ခံချက်တွေ ပေးခဲ့တဲ့ အတိုင်းအတာအတိုင်းလုပ်၊ မလုပ်စောင့်ကြည့်ဖို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ တာဝန်ရှိလာပါတယ်။ ဒီလို စောင့်ကြည့်တဲ့နေရာမှာ ဒီကော်မတီအနေနဲ့ ဖော်ပြချက်တွေဟာ မှန်ကန်ရဲ့လား။ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်ပြီးပြတ်တယ်၊ မပြီးပြတ်ဘူးဆိုတာ ဘယ်လိုအချက်အလက်တွေ ရယူခဲ့သလဲဆိုတာကို ဒါတွေဟာ စဉ်းစားစရာဖြစ်ပါတယ်။ အစီရင်ခံစာ စာမျက်နှာ ၁၀ မှာ ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရယူခဲ့တယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်တွေကို ကတိတည်၊ မတည် ကျွန်တော်တို့က တရားခံစစ်သလို စစ်လို့မရဘူးဆိုတာ သိပါတယ်။ ဒါဖြင့်ရင် ပေးထားတဲ့ကတိတွေ၊ အာမခံချက်တွေ လုပ်ဖြစ်၊ မလုပ်ဖြစ်၊ ပြီးပြတ်၊ မပြီးပြတ်ဆိုတာကိုရော သေချာရဲ့လား။ ဥပမာပြောရရင် ဒုတိယပုံမှန်အစည်းအဝေးတုန်းက ကျွန်တော်တင်သွင်းမေးမြန်းခဲ့တဲ့ ကြယ်ပွင့်မပြ ကားထောင်ကြီး-တရာ-ကျေးတော-ပေါက်ထုတောင် ရွာချင်းဆက်လမ်းနှင့် ပတ်သက်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက စာဖြင့်ကတိပေးခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ မှာ ကားထောင်ကြီး-တရာ လမ်းပိုင်း ၃ မိုင်အတွက် ကျပ်ငွေ ၃၂.၈ သန်း ကျန်လမ်းပိုင်း ၈ မိုင်ကို နှစ်စဉ်အလိုက် စီမံချက်များရေးဆွဲပြီးတော့ ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်သွားပါမယ်လို့ ဖြေကြားခဲ့ပေမယ့် ၂၀၁၂-၂၀၁၃ မှာ မလုပ်ပေးခဲ့ပါဘူး။ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာလည်း ပါမလာပါဘူး။ ဒါမျိုးတွေကလည်း တခြားဒေသမှာလည်း ရှိနိုင်ပါတယ်။ အဖြစ်မှန်ကိုအသိဆုံးက လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ကတိဖြစ်ထားတဲ့လုပ်ငန်းတွေ အလုပ်ဖြစ်၊မဖြစ်၊ ပြီးပြတ်၊ မပြတ် သက်ဆိုင်ရာ ကိုယ်စားလှယ်တွေကို ခေါ်ပြီးဆွေးနွေး ဒါမှမဟုတ် နိုးဆော်စာတွေထုတ်ပြီးတော့ ပြန်ကြားခိုင်းရင် အဖြစ်မှန်တွေကို တိတိကျကျ ကြိုသိနိုင်ပါတယ်။ ဒါမှပဲ ပြည်ထောင်စုကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းရယူတဲ့အခါမှာ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်တွေကဖြင့် ဒီကိစ္စကို ဒီလိုပြောပါတယ်ဆိုပြီး ဆွေးနွေးနိုင်ရင် အကျိုးရလဒ်ကောင်းတွေ ရလာမှာဖြစ်ပါတယ်။ အစီရင်ခံစာလည်း ပိုမိုပြည့်စုံလာမယ်လို့ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့လုပ်ဆောင်ချက်တွေကို အပိုင်း ၄ ပိုင်းခွဲပြီးတော့ တင်ပြထားရာမှာ အပိုင်း(၁)မှာ ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ကြယ်ပွင့်ပြမေးခွန်း၊ အပိုင်း(၂)မှာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထပုံမှန်အစည်းအဝေးက မေးခွန်းတွေရဲ့ ကြယ်ပွင့်ပြမေးခွန်း၊ အပိုင်း(၃) မှာ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးတွေရဲ့ ကြယ်ပွင့်မပြမေးခွန်း၊ အပိုင်း(၄)မှာ စတုတ္ထနှင့် ပဉ္စမပုံမှန် အစည်းအဝေးတွေရဲ့ ကြယ်ပွင့်ပြမေးခွန်းစသဖြင့် ကတိဖြစ်တဲ့မေးခွန်းတွေ လုပ်ငန်းပြီးပြတ်၊ မပြီးပြတ် ကိုစာရင်းဇယားနှင့် တိကျစွာဖော်ပြထားတာကိုတွေ့ရလို့ ကျေနပ်အားရမိပါတယ်။ ဒါပေမယ့် အပိုင်း အလိုက် အစီရင်ခံရာမှာ အစည်းအဝေးကို ပထမအကြိမ်ကစပြီး ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ စသည်ဖြင့် အစီအစဉ်အလိုက် စနစ်တကျဖော်ပြသင့်ကြောင်း အကြံပြုလိုပါတယ်။ ပထမနှင့် ဒုတိယ အကြိမ် ကြယ်ပွင့်မပြမေးခွန်းတွေနဲ့ပတ်သက်လို့ ဖော်ပြပေးထားတာမရှိတာဟာ အစီရင်ခံစာရဲ့ အားနည်းချက်တစ်ခုလို့မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့သုံးသပ်ချက်မှာ ကတိဖြစ်ခဲ့သော မေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ ဖြေကြားချက်များကို လေ့လာရာတွင် ဘတ်ဂျက်တောင်းခံ၍ ဘတ်ဂျက် ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားချက်မှာ အများဆုံးဖြစ်သည်ဟု ဖော်ပြထားပါ တယ်။ ဘတ်ဂျက်ရရှိမှ လုပ်ပေးမယ်ဆိုတာ ကတိဖြစ်ပါသလား။ ဒီလိုမျိုးကတိတွေဟာ ဘယ်လောက် များသေချာပါသလဲ။ တစ်နှစ်လား၊ နှစ်နှစ်လား ဘယ်လောက်အကြာစောင့်ဆိုင်းရမယ်ဆိုတာကို မသေ ချာပါဘူး။ ဒီထက်သေချာတာတောင် မသေချာဘူးဆိုတာကို ဥပမာတစ်ခုတင်ပြပါမယ်။ ၂၈-၉-၂၀၁၁ ရက်နေ့က ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်မှ ကြယ်ပွင့်ပြမေးခွန်းတစ်ခုမေးခဲ့ပါတယ်။ ရခိုင် ပြည်နယ်အတွင်းရှိ မြေနိမ့်ပိုင်း ဒီရေရောက်လယ်ကွင်းတွေကို နိုင်ငံတော်အစိုးရက စက်ယန္တရား တွေသုံးပြီး ကူညီဆယ်ဖို့ပေးနိုင်ပါမည်လားလို့ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အရေးကြီးဦးစားပေး ဆောင်ရွက်ရန်လိုအပ်နေသည့် တာများကို စိစစ် ရွေးချယ်ပြီး နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရ၏ ဦးစားပေး လုပ်ငန်းအစီအစဉ်အရ ရန်ပုံငွေခွဲဝေခွင့် ပြုပေးနိုင်မှုပေါ်တွင်မူတည်ပြီး လုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းလို့ဖြေကြားပါတယ်။ မပေးဘူးလို့ မပြောပါဘူး။ အရေးကြီးဦးစားပေးဆောင်ရွက်ရန် လိုအပ်သော တာများကိုစိစစ်ရွေးချယ်ပြီးဆိုတဲ့ ဒီအထူးပြုပုဒ်က လုပ်ပေးမယ်ဆိုတာကိုဖော်ပြပါတယ်။ နောက်မှလာတဲ့ ဒီအစိုးရအဖွဲ့ရဲ့ ဦးစားပေးအစီအစဉ်အရ အဲဒါ တစ်ပိုဒ် နောက်တစ်ခုက ဒုတိယရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုပေါ်တွင်မူတည်ပြီးတော့ အဲဒါဟာ

နောက်တစ်ပိုဒ်ပါ။ ပေးသွားနိုင်မည်ဖြစ်ပါကြောင်း စတဲ့ကြိယာဝိသေသနပုဒ်တွေ အဆင့်ဆင့်ခံထားတာဖြစ်ပါတယ်။ ကတိဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ဖို့အတွက် လွှတ်တော်မှာ မြန်မာစာ၊ မြန်မာစကား အဓိပ္ပာယ်ဖွင့်ဆိုရေးကော်မတီတစ်ခုတောင် ဖွဲ့ရမလိုဖြစ်နေပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးဝင်းသန်းက ကတိဖြစ်၊ မဖြစ် အဓိပ္ပာယ်မဖွင့်တတ်လို့ ဝန်ကြီးကို သွားမေးတဲ့အခါမှာ ဝန်ကြီးက ကတိမဖြစ်ဘူးလို့ ပြောတယ်ဆိုပြီး ဦးဝင်းသန်းက ကျွန်တော်ကိုပြန်ပြောပြပါတယ်။ ဒါကြောင့် ဒါထက်သေချာတာတောင်မသေချာဘူးလို့ အစက ကျွန်တော်ပြောခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းတွေရဲ့အဖြေတစ်ခုဟာ ကတိဖြစ်၊မဖြစ်ကို ဘယ်လိုတိုင်းတာမလဲ။ ဘယ်သူကအဆုံးအဖြတ်ပေးမှာလဲဆိုတာ ကော်မတီအနေနဲ့ပြတ်သားတဲ့မူတစ်ခု ရှိရမှာဖြစ်ပါတယ်။ ဝန်ကြီးက ကတိဖြစ်မှ ဖြစ်ရတယ်ဆိုရင် ဒီကော်မတီကလည်းဖြစ်မှဖြစ်ရလေကော်မတီဖြစ်သွားပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာအပိုဒ် ၁၆ မှာ ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနည်းပြီး။ ကြယ်ပွင့်မပြမေးခွန်းတွေ များလာတာကို တွေ့ရှိရပါသည်လို့ ဖော်ပြထားပါသည်လို့ဖော်ပြထားပါတယ်။ ပဋ္ဌမအကြိမ်အစည်းအဝေးတုန်းက ကြယ်ပွင့်ပြမေးခွန်းတွေများလွန်းလို့ လွှတ်တော်ဥက္ကဋ္ဌကြီးက အရေးကြီးတဲ့မေးခွန်းတွေကလွဲလို့ ကျန်တာကိုစာနဲ့ပဲဖြေမယ်လို့ ပြောသွားတာကို မှတ်မိပါတယ်။ ကျွန်တော်မေးခွန်းတွေအားလုံး စာနဲ့ပဲအဖြေခံခဲ့ရပါတယ်။ ပဋ္ဌမပုံမှန်အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးကကြိုတင်ပြောထားလို့ ကျွန်တော်တို့နားလည်ခဲ့ရပါတယ်။ ဒီအစည်းအဝေးတွေထဲမှာ ကြယ်ပွင့်ပြမေးခွန်းတွေ စာနဲ့ဖြေကြားတာတွေခံကြရပါတယ်။ စာနဲ့ဖြေဖြေ နှုတ်ဖြင့်ဖြေဖြေ အတူတူပဲလို့တွေးစရာရှိပါတယ်။ မတူပါဘူးခင်ဗျား။ ပထမအချက်က မဲဆန္ဒရှင်တွေဟာ မိမိကိုယ်စားလှယ်ရဲ့ တင်ပြချက်တွေကို မသိနိုင်ပါဘူး။ ဒုတိယအချက်က လွှတ်တော်ကိုယ်စားရဲ့ တင်ပြချက်တွေဟာ လွှတ်တော်မှတ်တမ်းမှာ မကျန်ရစ်ခဲ့ပါဘူး။ တတိယအချက်က ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၁၆) အပိုဒ် ၁၁၆ အပိုဒ်ခွဲ(ဃ)အရ ဝန်ကြီးရဲ့အဖြေကို အမေးနဲ့လွဲချော်နေတဲ့အခါမှာ၊ မပြည့်စုံတဲ့အခါမှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းကိုမေးနိုင်ခွင့် အခွင့်အရေးကိုဆုံးရှုံးရပါတယ်။ ကြယ်ပွင့်ပြမေးခွန်းတွေကိုမေးတဲ့အခါ ရည်ရွယ်ချက်က ဝန်ကြီးကိုယ်တိုင်လွှတ်တော်ထဲကိုလာရောက် ဖြေစေချင်လို့ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းတွေကို မေးမြန်းခွင့်ရလို့ဆိုတာလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးဖြစ်ပါတယ်။ အရေးကြီး၊ မကြီးဆိုတာ နေရာဒေသနှင့်ဆိုင်ပါလိမ့်မယ်။ နေပြည်တော်က ဟိုင်းဝေးလမ်းမကြီးအရေးကြီးသလို လမ်းပန်းဆက်သွယ်

ရေးခက်ခဲတဲ့ ရွာချင်းဆက်လမ်းကလေး တစ်ထွာတစ်မိုက်ရဖို့အရေးဟာ အလွန်အရေးကြီးပါတယ်။ နောက်တစ်ခုက ကြယ်ပွင့်မပြမေးခွန်းတွေကို ဖြေရာမှာ တချို့ဝန်ကြီးတွေက ပြီးစလွယ်ဖြေတာတွေ ခပ်ပါးပါးနဲ့ ဝါးတားတားဖြေတာတွေကို တွေ့ရပါတယ်။ ဥပမာ ပြရမယ်ဆိုရင် ကျွန်တော်မေးတဲ့ မေးခွန်းတွေ တချို့တင်ပြပါမယ်။ စာနဲ့အဖြေပေးတဲ့မေးခွန်းတွေဖြစ်ပါတယ်။ စတုတ္ထပုံမှန်အစည်း အဝေးတုန်းက ကြယ်ပွင့်မပြမေးခွန်းတစ်ခုပါ။ အဲ့ဒါကဘာလဲဆိုတော့ မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ ကုန်းမြင့်မရှိတဲ့ ရွာ ၉ ရွာမှာ မုန်တိုင်းဝင်လာလို့ရှိရင်အသက်အန္တရာယ် ကာကွယ်နိုင်အောင် လို့ဆိုပြီးတော့ အသက်ကယ် သောက်ရေကန်နဲ့ တွဲပြီးတော့ အသက်ကယ်ကုန်းများ တည်ဆောက်ပေး နိုင်ပါမည်လားလို့ ကျွန်တော်မေးခဲ့ပါတယ်။ အဲဒီအဖြေကို ဖြေကြားရာမှာ အဆိုပါ ၉ ရွာအတွက် အသက်ကယ်ကုန်း တည်ဆောက်ပေးရန်ခန့်မှန်းတန်ဖိုး ၁၃၂၁.၁ သန်းကျပ်ကုန်ကျမည်ဖြစ်ပြီး တည်ဆောက်ပေးရန် ပထမဦးစားပေးအဆင့်ထားရှိရေးဆွဲ တင်ပြထားပါတယ်။ နိုင်ငံခြားအကူအညီ အထောက်အပံ့များရရှိပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပါမည်လို့ ပြောထားပါ တယ်။ အဲ့ဒါလူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး လက်မှတ်ထိုးပြီးဖြေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်းတာက နေ့ပဲညပဲ ကျွန်တော်တို့ အသက်တွေကယ်ဖို့တောင်းတာပါ။ အဲဒါကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမည်လို့လည်း ပြောတယ်။ နောက်ပြီးတော့ နိုင်ငံခြား အကူအညီရမှပေးမယ်လို့ လည်းပြောတယ်။ အဲဒီတော့ ဒါတွေဘယ်လိုကတိမျိုးလဲ။ ကျွန်တော်က လွှတ်တော်အတွေ့အကြုံကို သွားရှင်းတော့ ရွာသားတွေက ကျွန်တော်ကိုမေးပါတယ်။ နိုင်ငံခြား အကူအညီမရခင် ကျွန်တော်တို့ သေရင်ဘယ်လိုလုပ်မလဲ။ ဘယ်သူတာဝန်ခံမလဲလို့မေးပါ။ အဲဒါမျိုး က တာဝန်ယူနိုင်မှုအနေအထား ရှိဖို့လိုပါတယ်။ ဒုတိယမေးခွန်းတစ်ခုကိုပြောပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ပုစွန်ကွင်းတွေ၊ လယ်ကွင်းတွေနဲ့ တွဲပြီးတော့ လုပ်ကြပါတယ်။ အဲဒီအခါမှာ ပုစွန်ကွင်းတွေက ရေငန်တွေကျော်ပြီးတော့ လယ်ကွင်းတွေပျက်ဆီးရတယ်။ အဲဒါကို ကျွန်တော်က ဒီလိုပုစွန်ကွင်းက လယ်ကွင်းကိုဖြတ်ပြီးတော့ ပုစွန်ကွင်းလုပ်နေတာကို ဘယ်လိုနည်းနဲ့တားဆီး ပေးနိုင် မလဲလို့ မေးတဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လက်မှတ်ထိုးပြီးပြန်ပါ တယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ဧရိယာအတွင်းမှာ တောင်သူလယ်သမား၏ ဆန္ဒသည် စပါးစိုက်ပျိုးလိုပါသလား။ ပုစွန် မွေးလိုပါသလား။ အဲဒါကို အဓိကထားပြီးတော့ ကွင်းဆင်း လေ့လာစိစစ်ပါမယ်လို့ဖြေပါတယ်။ ကျွန်တော်ထောက်ပြတာက လယ်ယာမြေကိုခွင့်ပြုချက်မရဘဲ အခြားနည်းနဲ့အသုံးမပြုရဆိုတဲ့ လယ်ယာမြေဥပဒေကို တိတိကျကျထောက်ပြတာပါ။ ဒါကိုဖြေတဲ့

အခါမှာ ဒီလယ်သမားတွေရဲ့ဆန္ဒကို အဓိကထားပြီးတော့ လုပ်မယ်ဆိုတော့ ကျွန်တော်တို့ဥပဒေကို မျက်ကွယ်ပြုရာရောက်ပါတယ်။ အခု ဘယ်လောက်ထိဖြစ်လာလဲဆိုတော့ အဲဒီနေရာတွေမှာ အစိုးရက ဆယ်ထားတဲ့ တာတမံတွေထဲမှာကို ပုစွန်ကွင်းတွေလုပ်လာတယ်။ နောက်ပြီးတော့ နိုင်ငံတော်က ဆယ်ဖို့တဲ့ တာတမံကိုမဆယ်ရဘူးလို့ အာဏာပိုင်တွေနဲ့ လုပ်ငန်းရှင်တွေကတားတဲ့အထိ အခုရပ်တန့်ထားတဲ့အထိဖြစ်နေပါတယ်။ ကျွန်တော် မနက်ကဝန်ကြီးကို တင်ပြထားပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ ကတိကိုကတိအတိုင်းဖြေတဲ့အခါမှာ လိုအပ်တဲ့အတိုင်းမဖြေခဲ့လို့ အဲဒီလို ပြဿနာမျိုးကြုံတွေ့ရပါတယ်။ နောက် စတုတ္ထပုံမှန်အစည်းအဝေးမှာလည်း မြို့နယ်ပညာရေးကို တိုးတက်စေချင်တဲ့အတွက် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ မြို့နယ်အတွင်းမှာ တစ်ရပ်တစ်ရွာကိုသွားပြီးတော့ စာသင်ဖို့အခက်အခဲရှိတဲ့အတွက်နဲ့ မူလတန်းကျောင်းရှိတယ်ဆိုရင် ကျောင်းရှိတဲ့နေရာဆိုရင် အလယ်တန်းကျောင်းအဆင့်၊ အလယ်တန်းကျောင်းရှိတဲ့နေရာဆိုရင် အထက်တန်းကျောင်းအဆင့် ကိုယ်ထူကိုယ်ထကိုယ့်လုပ်အားနဲ့ ကိုယ့်စရိတ်စကနှင့် ကျောင်းဆောင်တွေ ဆောက်ပြီးတော့ သင်ကြပါတယ်။ ဒါပေမယ့် အဲဒီလို ကျောင်းက ကျောင်းသားတွေကို ဒီအစိုးရ ကျောင်းတွေမှာတွဲပြီးတော့ စာမေးပွဲဝင်ဖြေခွင့်မပေးပါဘူး။ အဲဒါကြောင့် သူတို့ဟာ ပြည်နယ်ပညာရေးဌာနက ဒီလိုခွင့်မပြုဘူးဆိုတာနဲ့ ပတ်သက်ပြီးတော့တော်တော့ကို အခက်အခဲဖြစ်ရပါတယ်။ အဲဒါ တကယ်လို့များ ကိုယ့်စရိတ်နှင့် ကိုယ့်ကျောင်းဆောင်နဲ့ ဆရာသမားငှားပြီးတော့ သင်တဲ့အပေါ်မှာ နိုင်ငံတော်က ဘယ်လိုလုပ်ပြီးတော့ ဒီကျောင်းသားတွေ စာမေးပွဲဝင်ခွင့်ပေးနိုင်မလဲလို့ မေးတာပါ။ အဲ့ဒါကို ဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေးနိမ့်ကျသောဒေသများတွင် အိုးမကွာအိမ်မကွာ ပညာသင်ကြားနိုင်ရေးအတွက် သတ်မှတ်ထားသော ကျောင်းသားဦးရေပြည့်မီစွာ ကိုယ်ထူကိုယ်ထကျောင်းများကို တွဲဖက်မူလတန်းကျောင်း သို့မဟုတ် အခြေခံမူလတန်းကျောင်းခွဲများအဖြစ် ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းလို့ဖြေပါတယ်။ အမေးနှင့် အဖြေဟာ တစ်ခြားစီပဲဖြစ်ပါတယ်။ ကျွန်တော်က မူလတန်းကျောင်းကို အလယ်တန်းကျောင်းအဆင့် အလယ်တန်းကျောင်းကို အထက်တန်းကျောင်းအဆင့် တွဲဖက်သင်နိုင်ဖို့ရည်ရွယ်ချက်နဲ့ မေးတာဖြစ်ပြီးတော့ ဝန်ကြီးဖြေတာက မူလတန်းကျောင်းတရားဝင်ဖြစ်မြောက်ရေးကို ဖြေတာဖြစ်ပါတယ်။ နောက် ပညာရေးဌာနမေးခွန်းတစ်ခုပဲ ဥပမာပြောပြပါမယ်။ ပဉ္စမပုံမှန်အစည်းအဝေးတုန်းက ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းတစ်ခုမေးခဲ့ပါတယ်။ အဲဒါကဘာလဲဆိုတော့ ၂၀၁၂ မေလ တက္ကသိုလ်ဝင်စာမေးပွဲမှာမျိုး စာစစ်ဌာနက ခုံအမှတ် ဒဖ-၂၁၃ နဲ့ မောင်မင်းသန့်လွင်ဟာ ဂုဏ်ထူး ၅ ဘာသာရပြီးတော့ ဘောဂဗေဒဘာသာမှာ ၁၅ မှတ်နဲ့ ကျရှုံးပါတယ်။ အဲ့ဒါကို

မောင်မင်းသန့်လွင်က လုံးဝလက်မခံနိုင်ပါဘူး။ ကျွန်တော်ဟာ ဘောဂဗေဒဘာသာကို အဖြေနိုင်ဆုံး ဘာသာအဖြစ် ကျွန်တော်လက်ခံထားပါတယ်။ ဆရာမတွေကလည်း ကျွန်တော်ရဲ့ ဖြေဆိုချက်တွေကို အကုန်လုံးလက်ခံပါတယ်။ မြန်မာစာ ၇၇ မှတ် ရပါတယ်။ အင်္ဂလိပ်စာ ၇၈ မှတ်ရပါတယ်။ သင်္ချာ ၈၂ မှတ်ရပါတယ်။ ဓာတုဗေဒ ၉၃ မှတ်ရပါတယ်။ ရူပဗေဒက ၈၄ မှတ်ရပါတယ်။ ဘောဂဗေဒမှာ ၁၅ မှတ်နဲ့ကျရှုံးပါတယ်။ အခုသူကစာစစ်ဌာနကို အဖြေလွှာတောင်းခံပါတယ်။ သူ့ရင်ထဲမှာလည်း ခံစား နေရတယ်။ မိဘတွေကလည်း ဆောက်တည်ရာ မရအောင်ခံစားရပါတယ်။ သူတို့က စာစစ်ဌာနကို အဖြေလွှာတောင်းတဲ့အခါမှာ စာစစ်ဌာနက ပြန်ကြားတာက အဖြေလွှာဟာမှန်ပါတယ်။ အဲဒီလိုပဲ အတည်ပြုပေးပါတယ်။ အဲ့ဒါကိုကျွန်တော်က လွှတ်တော်မှာ မေးခွန်းတင်တဲ့အခါမှာ ဝန်ကြီးဌာနက ဖြေတဲ့အဓိကအဖြေတဲ့အချက်ကတော့ မြန်မာနိုင်ငံစာစစ်ဌာနအနေဖြင့် အဖြေလွှာများကို ပြင်ပပုဂ္ဂိုလ် များကို ပြသဆောင်ရွက်ခဲ့ခြင်း အစဉ်အလာမရှိပါကြောင်းဖြေပါတယ်။ ဒီအစဉ်အလာဟောင်းကြီးကိုပဲ အကျိုးမရှိ အသေကိုင်ထားပြီးတော့ ဖြေတာဖြစ်ပါတယ်။ ကျွန်တော်ဖြေစေချင်တာက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ကိုးကားပြီးငြင်းပယ်သင့်ပါတယ်။ အဲ့ဒီလိုဖြစ်စေချင်ပါတယ်။ အခုတော့ အစဉ်အလာဟောင်းကြီး ပွင့်လင်းမြင်သာမှု မရှိတဲ့ဥစ္စာကြီးကို သက်သေအဖြစ်ထားပြီးတော့ အစဉ်အလာမရှိပါကြောင်းဆိုတော့ ကျွန်တော်တို့ကတော့ ဒီဟာကိုတကယ်တမ်းလွှတ်တော်မှာမေးမယ် ကြယ်ပွင့်ပြမေးခွန်းလည်းဖြစ်ပေမယ့် လွှတ်တော်မှာမမေးရလို့ အခွင့်အရေးဆုံးသွားတာ ကျွန်တော် ပြောတာပါ။ တစ်ဆက်တစ်စပ်တည်း ကျွန်တော်ကမေးမှာပါ။ ဒါပေမယ် အဲ့ဒီလိုမေးခွင့်တွေမရလိုက်လို့ ကြယ်ပွင့်ပြမေးခွန်းတွေကို စာဖြင့်ဖြေတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်လောက်နစ်နာရသလဲဆိုတာကို ဥပမာပြောပြီးတင်ပြပေးတာဖြစ်ပါတယ်။ ဒါတွေဟာ ကြယ်ပွင့်ပြ မေးခွန်းတွေကို စာနဲ့ဖြေခဲ့တာဆုံးရှုံးသွားတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ကြယ်ပွင့်ပြမေးခွန်း တွေကိုအခြေအနေအရ စာဖြင့်ဖြေမယ်ဆိုရင်လည်းပဲ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေကို ခေါ်ပြီးတော့ ဆွေးနွေးသင့် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ လွှတ်တော်ရဲ့အစိုးရကိုစောင့်ကြည့် ထိန်းညှိတဲ့အပိုင်းမှာ အလွန်အရေးကြီးတဲ့ ကော်မတီဖြစ်ပါတယ်။ ကော်မတီဝင်တွေဟာ မိမိရဲ့တာဝန်တွေကို အထူးစိတ်ဝင် စားတဲ့ အစီရင်ခံစာနဲ့အတူ စာရင်းဇယားများ အစိုးရရဲ့လုပ်ဆောင်ချက်များကို အကျယ်တဝင့် ရေးသားတင်ပြထားတာကိုတွေ့ရပါတယ်။ အစီရင်ခံစာမှန်ကန်ပြည့်စုံဖို့အတွက် ဒေသအလိုက်

မေးခွန်းတွေကို စုစည်းပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လုပ်ငန်းရဲ့အခြေအနေတွေကို ဆွေးနွေးအတည်ပြုသင့်ပါတယ်။ ဖြစ်နိုင်ရင် လွှတ်တော်ကော်မတီဝင်ကိုယ်တိုင်က သက်ဆိုင်ရာနယ်မြေတွေကိုဆင်းပြီးတော့ လေ့လာဆန်းစစ်သင့်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုချင်တာလေးတစ်ခုကိုတင်ပြရရင် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလဟာ ဘတ်ဂျက်ကိုရေးဆွဲအတည်ပြုနေတဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဘတ်ဂျက်ရေးဆွဲရာမှာ မိမိဒေသကိုအခြေခံပြီး လိုအပ်တာတွေကိုဉာဏ်မီသလောက် ကြိုးစားပြီးတင်ပြနေကြတာဖြစ်ပါတယ်။ ဒီလိုပင်ဖြစ်စေကောင်းကာမွန်ကာနဲ့ ဘတ်ဂျက်တစ်ခုပြုပေးနိုင်ဖို့ဆိုတာ လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က အားနည်းချက် ရှိလို့လွဲချော်မှားယွင်းသွားမှာကိုစိုးပါတယ်။ လွှတ်တော်ထဲမှာ ဘတ်ဂျက်နှင့်ပတ်သက်လို့ ကျွမ်းကျင်သူတွေ တစ်စုတစ်စည်းတည်းလုပ်ကိုင်ကြမယ်ဆိုလို့ရှိရင် ပညာရှင်တွေပါဝင်တဲ့ Work Shop တွေလုပ်မယ် ဆိုရင်ဖြစ်နိုင်ပါတယ်။ အခုပြည်သူ့လွှတ်တော်က ဖွဲ့ထားတဲ့ကော်မတီတွေထဲမှာ ငွေရေးကြေးရေး ဘဏ္ဍာရေးနှင့်ဆိုင်တဲ့ ပြည်သူ့ငွေစာရင်းကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးတိုးတက်မှုကော်မတီစတဲ့ ဒီကော်မတီတွေအမည်အမျိုးမျိုးနဲ့ ကွဲပြားနေကြပေမယ့် နိုင်ငံတော်ဘတ်ဂျက်ဆိုတဲ့ မြစ်ထဲကိုစီးဝင်တဲ့ မြစ်တစ်သွယ်ပဲဖြစ်ပါတယ်။ ဒီကော်မတီ ၃ ရပ်ကို ပေါင်းစည်းပြီးတော့ ပြည်သူ့ငွေစာရင်းနှင့် ဘတ်ဂျက်ကော်မတီစသဖြင့်ပေါ့လေ။ သင့်တော်ရာ နာမည်တစ်ခုခုကိုထားပြီးတော့ လုပ်ဆောင်မယ်။ အစီရင်ခံစာတွေရေးမယ်။ တင်ပြမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အခုလိုပဲ အစီရင်ခံစာတွေကို ဝင်ရောက်ဆွေးနွေးမယ်။ လွှတ်တော်ကာလမဟုတ်တဲ့အချိန်မှာလည်း အချင်းချင်းဆွေးနွေးမယ်။ ချပြမယ်။ အဲဒီလိုလုပ်ခြင်းဖြင့် ကျစ်ကျစ်လျစ်လျစ်နဲ့အချိန်ကုန်သက်သာပြီးတော့ ခိုင်မာအားကောင်းတဲ့ဘတ်ဂျက်တစ်ရပ်ကို ပေါ်ပေါက်လာမယ်ဆိုပြီး အထောက်အကူပြုနိုင်မယ်လို့ယူဆမိပါကြောင်း စေတနာကောင်းနဲ့ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးဖေသန်းရဲ့ ဆွေးနွေးမှုအကြံပေးမှုဟာ ပွင့်လင်းမြင်သာပြီး တာဝန်ခံတာဝန်ယူစေလိုတဲ့ စေတနာပါသလို တာဝန်ရှိတဲ့သူများလည်း ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ပြီး တာဝန်ခံနိုင်ဖို့ တင်ပြသွားတဲ့အတွက် ချီးကျူးပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ထိုနည်းတူစွာပဲ မိမိလွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ လွှတ်တော်နှင့်ဆိုင်တဲ့ကိစ္စများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ပြီး တာဝန်ခံတာဝန်ယူတယ်ဆိုတာလည်း လွှတ်တော်

ကို တင်ပြလိုပါတယ်။ ဒီနေရာမှာ ဒီနေ့မနက် ၀၉း၁၅ နာရီက မေးခွန်း၊ အဆိုကိစ္စနှင့် ပတ်သက်ပြီးတော့ မိမိလွှတ်တော်ဥက္ကဋ္ဌထံကို အကြောင်းကြားမှု၊ သတင်းပေးမှုပေါ်မှာမူတည်ပြီးတော့ မေးခွန်းတွေ မေးခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ အဆိုတွေတင်သွင်းခဲ့တဲ့ပုဂ္ဂိုလ်တွေကို ခေါ်ယူပြီးတော့ ဆွေးနွေးရှင်းပြခဲ့တာကို လည်း လွှတ်တော်အနေနဲ့ သိအောင် ဒီမှာတင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဆဋ္ဌမပုံမှန်အစည်းအဝေး မှာ နိုင်ငံနှင့်ပြည်သူများအတွက် အင်မတန်မှ အရေးကြီးတဲ့ စီမံကိန်း၊ ဘတ်ဂျက် သို့မဟုတ် ရ/သုံးနှင့် အခွန်ဥပဒေများကို ပြဋ္ဌာန်းအတည်ပြုပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ခုန ဦးဖေသန်း ဆွေးနွေး သလိုပဲ ဒီဥပဒေများဟာ ကျွန်တော်တို့အတွက် အင်မတန်မှအရေးကြီးတဲ့ ဥပဒေများဖြစ်တဲ့အတွက် ဒီဥပဒေတွေပြဋ္ဌာန်းတဲ့နေရာမှာ မှန်မှန်ကန်ကန်စနစ်တကျ ပြဋ္ဌာန်းပြီးနိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဖြစ်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ လွှတ်တော်အစည်းအဝေးတွေကို ခါတိုင်း ပုံမှန်အစည်းအဝေးတွေမှာ တစ်နေ့လုံးဆောင်ရွက်ပြီး ဒီတစ်ပတ်မှာတော့ နေ့တစ်ဝက် အစည်းအဝေး လုပ်မယ်၊ ကျန်တစ်ဝက်ကိုတော့ ကော်မတီများအလိုက် အစည်းအဝေးတွေ ညှိနှိုင်းမှုတွေလုပ်ဖို့ ဆုံးဖြတ်ပြီးဒီအတိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် လွှတ်တော်ပုံမှန်အစည်းအဝေးဟာ လွှတ်တော် ရတဲ့အချိန်ကာလရဲ့ တစ်ဝက်ပဲရပါတယ်။ ပြီးရင် ဒီတစ်ပတ်မှာ မဖြစ်မနေပြဋ္ဌာန်းပေးရမယ့် ဥပဒေ ပြဋ္ဌာန်းပေးဖို့ တာဝန်တွေလည်း ကျွန်တော်တို့ လွှတ်တော်ထဲမှာရှိပါတယ်။ ဥပမာအားဖြင့် သမ္မတကြီး မေတ္တာရပ်ခံထားတဲ့ ထားဝယ်စက်မှုဇုန် SEZ ကိစ္စမျိုး၊ ဘဏ်ဥပဒေကိစ္စမျိုးအပါအဝင် အရေးတကြီး ပြဋ္ဌာန်းရမယ့် အရေးတကြီးဆိုတဲ့နေရာမှာ လွှတ်တော်ကာလမှာ ပြဋ္ဌာန်းပေးရမယ့် ဥပဒေ ၆ ခု ရှိပါ တယ်။ ဒါ့အပြင် ကျွန်တော်တို့ လွှတ်တော်တွေမှာ ဥပဒေပြဋ္ဌာန်းဖို့ အကြွေးတင်နေတာက အကြွေး တင်တယ်ဆိုတာ ဟိုဘက်ဒီဘက်ဆောင်ရွက်ပြီးမှ ပြီးမယ့်ကိစ္စတွေက ၉၀ ရှိပါတယ်။ ဒါကြောင့် ဒီဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ အချိန်ပေးရမယ်၊ အချိန်ပေးရမှာဖြစ်တဲ့အတွက် ဒီတစ်ပတ် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်မယ်ဆိုရင် လွှတ်တော်မှာဆောင်ရွက်နေတဲ့ မေးခွန်း၊ အဆိုအပိုင်းကို ထိုက်သင့်တဲ့ အချိန်ပေးမှသာ ခုနက အဓိကအရေးကြီးတဲ့ဥပဒေတွေ ပြဋ္ဌာန်းနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံး စေချင်ပါဘူး။ ဒါကြောင့်လည်း ပြည်သူ့လွှတ်တော်ကို ရောက်ရှိလာတဲ့ မေးခွန်းများကို မိမိလွှတ်တော် ဥက္ကဋ္ဌတာဝန်ယူ တာဝန်ခံဆောင်ရွက်မှာနဲ့အညီ မေးခွန်းမှန်သမျှကို မစိစစ်ဘဲ ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းများသိအောင် အကုန်လုံး မေးခွန်းမှန်သမျှကို ပေးပို့ခဲ့ပါတယ်။ ကြယ်ပွင့်ပြ ရော၊ ကြယ်ပွင့်မပြရော၊ အဆိုနှင့်ပတ်သက်လို့တော့ စဉ်းစားဆောင်ရွက်ရတာဖြစ်ပါတယ်။ မေးခွန်း

တွေ၊ အဆိုတွေ နောက် Agenda အစီအစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာလည်း ပိုမိုပြီးစနစ်ကျပြီးတော့ ပိုမိုပြီးတော့ ကောင်းအောင်ဆောင်ရွက်နိုင်ဖို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌရယ်၊ ဥပဒေနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌရယ်၊ လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ရယ် တာဝန်ပေးပြီးတော့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်ဘက်ကထားရှိတဲ့သဘောထား အခြေအနေလေးကို တင်ပြချင်ပါတယ်။ အဆိုတစ်ရပ်ဟာ ဒီအဆိုအောင်မြင်သွားပြီဆိုလို့ရှိရင် တချို့ဥပဒေဖြစ်သွားပါတယ်။ တချို့မူဝါဒဖြစ်သွားပါတယ်။ တိတိကျကျဆောင်ရွက်ဖို့ဆိုရင် ဥပဒေအထိဆောင်ရွက်ရတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်တဲ့အခါမှာ ကျွန်တော့်ဘက်က စဉ်းစားထားတဲ့ စေတနာနဲ့ ရည်ရွယ်ချက်က ဒီအဆိုတင်လိုက်တဲ့အပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အပေါ် အထင်သေးခြင်းမခံရစေလိုဘူး။ ဒုတိယအချက်က ကျွန်တော်တို့ လွှတ်တော်အပေါ် အထင်သေး၊ အမြင်သေးမဖြစ်စေချင်ဘူး။ တတိယအချက်က ကျွန်တော်တို့ လွှတ်တော်မှာ ဒီနေ့ခံယူဆောင်ရွက်နေတဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့အယူအစွဲမထားဘဲနှင့် အများအတွက်၊ တိုင်းပြည်အတွက်၊ ပြည်ထောင်စုအတွက် အကျိုးရှိတဲ့ အဆိုမျိုးဖြစ်စေချင်ပါတယ်။ နောက်တစ်ခုကျတဲ့အခါကျတော့ ကျွန်တော်တို့ ပြောပြောနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပျက်စေချင်ဘူး ပိုကောင်းစေချင်တယ်။ ဒီ့အပြင်ဘာဖြစ်သေးလဲ။ အရေးကြီးတဲ့ကိစ္စတစ်ခုက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်း ဖြစ်စေချင်တယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုနေတာက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတစ်ခုတည်းတင် မဟုတ်ဘဲ အမျိုးသားပြန်လည်စည်းလုံးရေးဟာ မိမိတို့နိုင်ငံမှာ တကယ်ကို လိုအပ်နေတာဖြစ်ပါတယ်။ နောက်တစ်ခုက အဆိုတင်လိုက်လို့ ဒီအဆိုအောင်မြင်သွားတယ်ဆိုရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ အစိုးရနှင့်အဖွဲ့အစည်းတွေက ဒီအဆိုပေါ်မူတည်ပြီးတော့ လိုက်ပါဆောင်ရွက်ရတာ၊ အဲ့ဒီလို လိုက်ပါဆောင်ရွက်ရတဲ့နေရာမှာ အစိုးရအတွက် အခက်အခဲဖြစ်စေသော၊ အကျပ်အတည်းဖြစ်စေသောကိစ္စများ မဖြစ်စေလိုဘူး။ ဘာကြောင့်လဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြောနေတဲ့အချိန်မှာပဲ ကျွန်တော်တို့လွှတ်တော်နဲ့ အစိုးရနဲ့ မလိုလားအပ်သော အထင်အမြင် လွဲမှားမှု မဖြစ်စေချင်ဘူး။ အစိုးရကို အကျပ်ကိုင်ခြင်း၊ ချောင်ပိတ်စေခြင်းစတဲ့ ဒီလိုအဆိုမျိုးတွေလည်း မဖြစ်စေချင်ဘူး။ မလုပ်ပေးနိုင်တဲ့ကိစ္စများကိုလည်း ကျွန်တော်တို့အားနဲ့၊ လွှတ်တော်အားနဲ့ အတင်းအဆိုကို အတည်ပြုတာမျိုးလည်း မဖြစ်စေချင်ဘူး။ ဒါကြောင့် အဆိုနှင့်ပတ်သက်တဲ့အခါမှာ ဒီအဆိုကို အဆိုအဖြစ်

ဆက်လက်ပေးပို့ပြီးတော့ ဖြေကြားစေဖို့၊ လွှတ်တော်မှာဆွေးနွေးစေဖို့၊ တိုက်တွန်းစေဖို့ကိစ္စ ကျတော့ အလေးအနက်ထားစဉ်းစားပါတယ်။ စဉ်းစားတဲ့နေရာမှာ ကျွန်တော် စဉ်းစားပြီးတဲ့အခါမှာ ခုနက ဖွဲ့ပေးထားတဲ့ အဖွဲ့တွေဖွဲ့ပြီးတဲ့အခါမှာ သက်ဆိုင်ရာအဆိုတင်ထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခေါ်ယူတွေ့ဆုံပါတယ်။ တွေ့ဆုံပြီးလို့ရှိရင် ဒီအဆိုအစား မေးခွန်းမေးလို့မရဘူးလား။ မေးခွန်းမေးလို့ ရရင် မေးခွန်းအဖြစ်မေးပါဆိုပြီးတော့ ဆွေးနွေးညှိနှိုင်းခိုင်းပါတယ်။ အမိန့်ပေးပြီးတော့ ဒီအဆိုမတင်ရ ဒီလိုမရှိပါဘူး။ ဒါက အဆိုနှင့်ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ စတုတ္ထအကြိမ်တုန်းက အခုလိုပဲညှိနှိုင်းပြီးတဲ့ အခါမှာ အဆို ၆ ခုက သက်ဆိုင်ရာတာဝန်ရှိတဲ့ သူများနဲ့ ခေါ်ယူတွေ့ဆုံတဲ့အခါ မေးခွန်းအဖြစ် ၅ ခုပြောင်းပါတယ်။ တစ်ခုကျန်ပါတယ်။ ပဥ္စမအကြိမ် မှာ အားလုံးပေါင်းအဆို ၁၁ ခုက ၁၀ ခုအဖြစ် မေးခွန်းပြောင်းသွားပါတယ်။ တစ်ခုကျန်ပါတယ်။ ဆဋ္ဌမအကြိမ်မှာတော့ အဆို ၅ ခုပဲတင်ထားတာရှိပါ တယ်။ ဒါအဆိုနှင့်ပတ်သက်လို့ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။

မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်တို့ ပြန်ကြားပါတယ်။ ကြယ်ပွင့်ပြမေးခွန်းတွေကို အခုလို စာနှင့်ရေးသားပြောဆိုပေးတဲ့အတွက် စိတ်ထဲမှာကျေနပ်မှုမရှိဘူးဆိုတဲ့ သတင်းလည်း ပြန်ကြားပါ တယ်။ အခုလည်း ဦးဖေသန်းပြောတဲ့နေရာမှာလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဦးဖေသန်းဆွေးနွေး တာတွေ အားလုံးမှန်ပါတယ်။ မေးခွန်းတစ်ခုကို လွှတ်တော်မှာမေးခွင့်ရလို့ မေးလိုက်တဲ့အခါမှာ ဒီမေးခွန်းအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ်ရင် ပြည်ထောင်စုအဖွဲ့ဝင်တွေက ဖြေကြားရပါတယ်။ အဲ့ဒီလိုဖြေကြားလိုက်တဲ့အခါမှာ ဘာအခွင့်အရေးတွေရသလဲဆိုရင် မဲဆန္ဒရှင် ပြည်သူတွေက ငါတို့လွှတ်တော်ကိုယ်စားလှယ်တော့ ငါတို့အတွက်လွှတ်တော်မှာ ဒီလိုမေးခွန်းတွေ မေးတယ်ဆိုတာကို အသံနှင့်သော်လည်းကောင်း၊ ရုပ်နှင့်အသံရောကြားရတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ပေါ်မှာ ယုံကြည်မှုအားကိုးမှုပိုတဲ့ အခွင့်အရေးတစ်ခုရတယ်။ ဒါတင်လားမဟုတ်ပါဘူး။ ခုနကပြောသလိုပဲ သက်ဆိုင်ရာအဖွဲ့အစည်းကနေ ပြန်လည်ဖြေတဲ့အခါမှာ မရှင်းလို့ပြန်မေးတယ် ဆိုရင်မေးနိုင်တဲ့ အခွင့်အရေးလေးပိုရပါတယ်။ စာဖြင့်မေးတယ်၊ စာဖြင့်ဖြေတယ်ဆိုတာကတော့ ခုနအခွင့်အရေးတွေ မရပါဘူး။ ဒါလည်း မိမိနားလည်လက်ခံပါတယ်။ မေးခွန်းမေးတယ်ဆိုတဲ့နေရာမှာ လည်း လွှတ်တော်ဥက္ကဋ္ဌကိုပဲ မေးရတာ၊ လွှတ်တော်ဥက္ကဋ္ဌမှ ဒါနှင့်ဆက်ပြီးတော့ သက်ဆိုင်ရာကို ပေးပို့ရတာဖြစ်ပါတယ်။ အဲ့ဒီတော့ ပြီးခဲ့တဲ့အပတ်ဆိုတာပဥ္စမအကြိမ်မှာ ကျွန်တော်တို့ဆီကို မေးခွန်းပေါင်း ၈၁၉ စောင်ရောက် ပါတယ်။ အဲ့ဒီ ၈၁၉ စောင်က ဒီမေးခွန်းအပေါ်မှာ ကြယ်ပွင့်ပြဖြေဆို ပြီးတာ၊ ဖြေဆိုနိုင်တာ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ၈၅ ခုပဲ ရှိပါတယ်။ ဖြေဆိုဖို့ကျန်တာ ၅၁၄

ခုကျန်ပါတယ်။ အဲ့ဒီကမှ တစ်ခါသက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပြန်ပြီးတော့ ညှိနှိုင်းတဲ့အခါမှာ လောလောဆယ် သူတို့ ဖြေနိုင်ပြီဆိုတဲ့ မေးခွန်းဟာ ၁၆၇ ခုရှိပါတယ်။ ပြန်ပြီးတော့ ဖြေဖို့အသင့်ဖြစ်ပြီ လို့ပြောဖို့ကျန်တာ ၉၀ ကျန်ပါတယ်။ ဒါသည် ပြီးခဲ့တဲ့ ပဉ္စမအကြိမ် လွှတ်တော်အစည်းအဝေးရဲ့ ကြွေးကျန်မေးခွန်းများ ဖြစ်ပါတယ်။ တစ်ခါစာဖြင့်ဖြေမေးခွန်းအားလုံးပေါင်း ၂၅၇ ခုရှိပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ လာမည့်ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ဒီမေးခွန်းတွေ၊ ဒီအဆိုတွေဆက်ပြီးတော့ တင်မယ်ဆိုရင် ကျွန်တော်တို့ ရရှိတဲ့ အချိန်၊ တချို့မေးခွန်းကျတော့ ပြီးခဲ့တဲ့ကာလက မေးမြန်းထားတာ တချို့ကိစ္စတွေကပြီးပြီ ဒီမှာပြန်တင်မယ်ဆိုလို့ရှိရင် အချိန်အနေနဲ့ လုံလောက်၊ မလုံလောက်စဉ်းစားလို့ ရပါတယ်။ စဉ်းစားပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံးနိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်များကိုဖြေပါ။ ကြယ်ပွင့်ပြရော၊ ကြယ်ပွင့်မပြရော ဖြေပါ။ ဖြေပြီးလို့ ရှိရင် အဲ့ဒီမေးခွန်းရဲ့အဖြေတွေ လွှတ်တော်ကိုပေးပါ။ လွှတ်တော်ကိုပေးတဲ့အခါမှာလည်း လွှတ်တော် ကလည်း ဒီအတိုင်းမထားဘဲနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီကို ဖြတ်ခိုင်းပါတယ်။ ပြီးတဲ့အခါမှာ ဒီကော်မတီကနေ သက်ဆိုင်ရာကိုယ်စားလှယ်တွေကို ပေးပါဆိုပြီးတော့ လွှတ်တော်အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံး အောင်လည်း အချိန်ကိုလုံလောက်စွာ တောင်းဖို့၊ သုံးနိုင်ဖို့ ဒီလိုဖြစ်ပါတယ်။ လွှတ်တော်အချိန်နှင့် ပတ်သက်ပြီးတော့ အင်မတန်တန်ဖိုးရှိတဲ့ အချိန်တွေကို ကျွန်တော်တို့က မှန်မှန်ကန်ကန်အသုံးချခြင်းပဲ ဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့ တစ်ချိန်တုန်းကလည်း မေးဖူးပါတယ်။ လွှတ်တော်က အချိန်ဒီလောက် ကြာကြာကြီးလုပ်နေတာ ဒါကြောင့်မို့လို့ ၆ လလောက်လုပ်လို့ မရဘူးလားစသဖြင့် မေးခွန်းတွေ၊ အဆိုတွေလည်းရှိပါတယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်တဲ့အခါမှာ မိမိတို့ဒီနေ့ တွေ့ကြုံနေရတဲ့အခြေအနေဟာ လုံးထွေးပြီးတော့ အလုပ်တွေ ဘယ်လောက်အထိလုပ် နေတယ်။ ဒါတကယ်လုပ်တဲ့လူတွေ၊ လွှတ်တော် လုပ်ငန်းနှင့်ပတ်သက်လို့ တကယ်စေတနာပါပြီးတော့ လုပ်တဲ့သူတွေသိပါတယ်။ ဘယ်လောက်ထိ ပင်ပန်းတယ်။ အစည်းအဝေးခန်းမတင်မဟုတ်ဘူး အစည်းအဝေးခန်းမအပြင်ရောက်တဲ့အခါမှာ လေ့လာဖတ်ရှုရတာ၊ ဆွေးနွေးရတာ အဆောင်ရောက် သွားတဲ့အခါမှာ ဖတ်ရတာ၊ မှတ်ရတာ၊ မေးခွန်းမေးဖို့၊ အဆိုတင်သွင်းဖို့ ဘယ်လောက်အထိ ပင်ပန်းတယ်ဆိုတာကိုလည်း တကယ်လက်တွေ့မှာ လုပ်တဲ့သူတွေ သိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေကို လွှတ်တော်ထဲမှာထည့်ပြီးတော့ ပြီးခဲ့တဲ့ဟာတွေဆက်ပြီးတော့ မေးနေမယ်ဆိုရင် ဒီနေ့

အရေးကြီးတဲ့လက်တွေ့ဟာတွေမေးနိုင်တဲ့ အနေအထားမရှိတဲ့အတွက် ခုနကဲ့သို့ လွှတ်တော် အခွင့်အရေးများ မဆုံးရှုံးအောင် ဒီလိုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဒီကိစ္စနှင့်ပတ်သက်လို့ အခြေအနေကို မြင်သာအောင်ရှင်းလင်းတင်ပြတာပါ။ ဒါနှင့်ပတ်သက်လို့ တာဝန်ရှိရင် ကျွန်တော့်မှာ တာဝန်ရှိတယ်။ တာဝန်ရှိတာနှင့်အညီ ကျွန်တော် ရှင်းပြတယ်။ ဒါက ဦးဖေသန်းရဲ့တင်ပြချက်ပေါ်မူတည်ပြီးတော့ မနက်က ၉း၁၅ နာရီမှာ ခုနက ဒီလိုပဲ ကျွန်တော်ဆီကို တချို့လည်းစာနှင့်ရေးပြီးပြောပါတယ်။ ကျွန်တော် မေးခွန်းတွေ ဘယ်လောက်မေးခဲ့ တယ်။ ဒါပေမယ့် ဒီမေးခွန်းတွေ ဖြေတာမရှိသေးဘူး။ ကျွန်တော်ကြည့်ပါတယ်။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး အမျိုးသားသင့်မြတ်ရေးအတွက် ဒီလိုကြည့်ပြီးလုပ်တာပါ။ အလွတ်မဲ့မဟုတ်ပါဘူး။ ဒါပေမယ့် အခွင့်အရေးမဆုံးရှုံးအောင် လွှတ်တော်ထဲမှာ အဲ့ဒီစကားတွေကို ကျွန်တော်တို့က ပြောဆို ဆွေးနွေးတယ်ဆိုရင် ထိခိုက်နိုင်စရာတွေရှိတဲ့အတွက် ဒါမျိုးကျတဲ့အခါကျတော့ လွှတ်တော်ထဲမှာ မေးခြင်းမြန်းခြင်းမဟုတ်ဘဲနှင့် စာလေးနဲ့ရေးဖြေလိုက်တယ်ဆိုလို့ရှိရင် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးရော၊ အမျိုးသားပြန်လည် သင့်မြတ်ရေးရောမထိခိုက်ဘူးဆိုတဲ့ စေတနာနဲ့ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီနေ့လည်း မနက်က အစည်းအဝေးမှာပဲ ခုနက ဦးအောင်ဇင်၊ ပုစွန်တောင်မဲဆန္ဒနယ်က တင်ပြတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းပြပါတယ်။ အဲ့ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၁ ထဲမှာပါပြီးပြီ။ (က)ကနေပြီးတော့ အပိုဒ်ခွဲ (ဈ) အထိရှိတယ်။ အဲ့ဒီအထဲမှာ လုပ်နည်းအဆင့်ဆင့်ပါပြီးပြီ။ ပြီးရင် ဒီမေးခွန်း၊ ဒီအဆိုဟာ ကြည့်လိုက် မယ်ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတအပါအဝင် ကျန်တဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို စွပ်စွဲပြစ်တင်ဖို့အတွက် လုပ်နည်းစည်းမျဉ်းစည်းကမ်းချက်တွေကို ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းဖို့ဆိုတဲ့နေရာမှာ ဒီခေါင်းစဉ်ကြည့်လိုက်တာနဲ့ ပတ်ဝန်းကျင်အနေနဲ့ မကောင်းဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အမြင်ပြောရမယ်ဆိုရင် ဒါဟာမတင်သင့်ပါဘူးလို့ ဒီလိုပြောပါတယ်။ ပြောတဲ့အချိန်မှာ ဦးအောင်ဇင်က ဒုတိယဥက္ကဋ္ဌနဲ့လည်း တွေ့ပြီးပါပြီ။ ဒီကိစ္စဟာ ကျွန်တော်တို့ ပါတီကနေပြီးတော့ တင်ခိုင်းတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် ဆက်ပြီးတော့တင်ပါရစေလို့ ပြောပါ တယ်။ အဲ့ဒီမှာ ကျွန်တော်က ပြောမယ်လုပ်တဲ့အခါမှာ အဲ့ဒီပါတီက ပုဂ္ဂိုလ်တစ်ဦးကပဲ ဒါနှင့်ပတ်သက် လို့ ပါတီဥက္ကဋ္ဌဆီ တယ်လီဖုန်းဆက်ပါမယ်။ ခုပြောတဲ့ဟာ ဒီလိုဖြစ်တဲ့အတွက် ဒီအဆိုကို ပြန်လည် ရုပ်သိမ်းနိုင်အောင် ကျွန်တော် တင်ပြပါမယ်။ တယ်လီဖုန်းနဲ့တင်ပြပါမယ်။ ကျွန်တော်လည်း အဲ့ဒီအချိန် မှာ တစ်ဆက်တည်းပဲ ပြောပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ

မထားဘဲနှင့် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှာ အဲ့ဒီပါတီက ခုနပြောတဲ့ ကိစ္စအတွက်ဆောင်ရွက်မယ်ဆိုလို့ ရှိရင် ဒီလိုအကျိုးဆက်တွေဖြစ်လာနိုင်တယ်။ ဒါကြောင့်မို့လို့ ဒီဟာတင်ရင် ကျွန်တော်ကန့်ကွက်မယ်။ အဲ့ဒီအတိုင်းပဲ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကျန်တဲ့ပါတီများလည်း ကျွန်တော်ဘက်က ဆန္ဒရှိတယ်ဆိုရင်သိအောင် ကျွန်တော်ပြောမယ်ဆိုပြီးတော့ ဒီလိုပြောလိုက်ပါတယ်။ အဲ့ဒီတော့ ပါတီစွဲ သာထားရမယ်ဆိုရင် ဒီနေ့လွှတ်တော်မှာ ပါတီကြီးတစ်ခုက ကြီးစိုးထားပါတယ်။ ဘာပါတီဆိုလည်း သိပါတယ်။ ခုနက ကျန်တဲ့ပါတီက တင်ပြလာတဲ့ကိစ္စမှာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဖြစ်တဲ့ကိစ္စကို ပါတီစွဲထားပြီးတော့ သူ့ပါတီက ဒီလိုကန့်ကွက်လိုက်မယ်ဆိုလို့ရှိရင် ဘယ်လိုမှမတရားဘူး၊ မမျှတဘူး၊ နိုင်ငံ့အကျိုးလည်းမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့အယူ မထားကြပါနဲ့လို့ပြောပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဟာလည်း ကျွန်တော်ရှင်းလင်းတင်ပြဖို့ မူလမရှိပါဘူး။ သို့ရာတွင် မနက်က ၀၉း၁၅ နာရီမှာ ဒီလိုလုပ်ခဲ့တယ်ဆိုတဲ့အကြောင်း ခုနက ဦးဖေသန်းရဲ့ တင်ပြချက်ပေါ် မူတည်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘယ်လိုစဉ်းစား တယ်၊ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိအောင် လွှတ်တော်သို့ တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒီလွှတ်တော်အစည်းအဝေးကြီးမှာတော့ ဒီလောက်ပဲ တင်ပြပါတယ်။ မနက်ကတော့ ဒို့ထက်ပိုပြီးတော့ ရှင်းပြလိုက်တာရှိပါတယ်။ ဒါမတင်ပြရဲလို့မဟုတ်ဘူး။ သို့ရာတွင် ဒီလိုရှင်းအောင်ပြောတဲ့နေရာမှာ ပိုပြီးတော့ ရှုပ်သွားပြီးတဲ့အခါမှာ ပဋိပက္ခအသွင်မရောက်ချင်ဘူး။ ဘယ်လုပ်ငန်းလုပ်လုပ် ကျွန်တော်တို့ က တစ်ဖက်နှင့်တစ်ဖက် ညှိညှိနှိုင်းနှိုင်းပူးပေါင်းဆောင်ရွက်မှုက မရှိမဖြစ်လိုအပ်တာ ဖြစ်ပါတယ်။

ဒါကြောင့် ပြန်ပြီးတော့ တင်ပြရမယ်ဆိုရင် ဦးဖေသန်း ဆွေးနွေးပေးတဲ့နေရာမှာ ပွင့်လင်း မြင်သာသည့် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းကို ဆောင်ရွက်ဖို့လိုလားတယ်လို့ ဒီလိုပဲ ပြောပါတယ်။ ကျွန်တော်လည်း လိုလားတယ်။ လိုလားတယ်ဆိုရင် လွှတ်တော်ရေးရာကိစ္စနှင့် ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဒီလိုတာဝန်ခံပါတယ်။ တာဝန်ယူပါတယ်။ ဘယ်လိုဆောင်ရွက်နေ တယ်ဆိုတာလည်း လွှတ်တော်ကို တင်ပြခြင်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီလွှတ်တော် အစည်းအဝေးက အရေးကြီးတယ်။ ဘတ်ဂျက် လူတိုင်းနားမလည်ဘူး။ ဒါကြောင့်မို့လို့ ကျွမ်းကျင်တဲ့ လူများနဲ့ ဘတ်ဂျက်ကိစ္စကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ဖို့ဆိုတဲ့ အကြံပေးချက်ပါပဲ။ မှန်ပါတယ်။ ဒီဘတ်ဂျက် သို့မဟုတ်ရင် စီမံကိန်းပြီးတဲ့အခါမှာ ဘတ်ဂျက်နဲ့ဆက်စပ်တဲ့ အခွန်ကိစ္စများဟာလည်း နိုင်ငံအတွက် အရေးကြီးပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုလွှတ်တော် Session ကာလမှာ စကားတွေ များနေကြတယ်။ အဆုံးအဖြတ်မပေးနိုင်ခင်မှာ ငွေသုံးဖို့ကိစ္စ ရပ်ဆိုင်းထားရတယ်။ သာမန်အသုံးစရိတ်

ကလွဲလို့ ဒါလည်းတွေ့နေရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စီမံကိန်းဘတ်ဂျက်ကိစ္စနှင့်ပတ်သက်လို့ ကော်မတီဥက္ကဋ္ဌများနဲ့ အစည်းအဝေးနှစ်ကြိမ်လုပ်ပြီးပါပြီ။ မနေ့က တစ်ကြိမ်လုပ်ပါတယ်။ ဆက်ပြီးလည်း ကျွန်တော်တို့ လုပ်ပါဦးမယ်။ အဲ့ဒီတော့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ Standing Committee ၄ ခုရှိပါတယ်။ Ad hoc Committee ၁၉ ခုရှိပြီးတဲ့အခါမှာ ကော်မရှင် ၁ ခုရှိပါတယ်။ Standing Committee ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအရ ဖွဲ့ခိုင်းတဲ့ပုံစံအတိုင်းပဲ Standing Committee ၄ ခုဖွဲ့ပါတယ်။ ကျန်တဲ့ ၁၉ ခုကတော့ တကယ်လိုအပ်လို့ ကော်မတီတွေဖွဲ့ထားတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကော်မတီ ၁၉ ခုနှင့် ပတ်သက်လို့ ပြန်ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)မှာပါတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက ကျင့်သုံးနေတဲ့ ဥပဒေများပေါ်အခြေခံပြီးတော့ ဒီကော်မတီတွေ ဖွဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီများသည် သက်ဆိုင်ရာဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းများက ကျင့်သုံးဆောင်ရွက်နေတဲ့ ဥပဒေများကို လေ့လာသုံးသပ်ပြီးတော့ ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့အတွက်လည်း တစ်ခု ရှိပါတယ်။ အဲ့ဒါအပြင် ကျွန်တော်တို့ အချင်းချင်းအပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်နေမှုကို အဲ့ဒီကော်မတီအလိုက်ပြန်ပြီးတော့ အင်္ဂလိပ်လို ပြောရင် Check and Balance လုပ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် မနေ့ကနဲ့ ဟိုဘက်က အစည်းအဝေးတွေမှာ သက်ဆိုင်ရာကော်မတီများဟာ မိမိကော်မတီနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ ပြီးတဲ့အခါမှာ အခြားဌာနများကို တင်လာတဲ့စီမံကိန်းတွေ၊ တင်လာတဲ့ဘတ်ဂျက်တွေကို သေချာစစ်ဆေးပြီးတဲ့ အခါမှာ ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်ပေးဖို့ ဒီထက်ပိုပြီးဆောင်ရွက်ပေးမယ်ဆိုရင် ဒီထက်ပေးပြီးတော့ ဆောင်ရွက်ခွင့်ပေးဖို့၊ တိုက်တွန်းဖို့၊ မလိုတဲ့ကိစ္စတွေကို ခဏဆိုင်းဖို့ ဆိုင်းတဲ့နေရာမှာလည်း ဒီလိုကြီးသာမန်ဆိုင်းတာမဟုတ်ဘဲနှင့် ဒါကိုလေ့လာပြီးတော့ ဒီကာလလေးမှာတော့ ခဏဆိုင်းပါဆိုတဲ့ အနေအထားလေးဖြစ်အောင် မနေ့ကအစည်းအဝေးမှာ အကျယ်တဝင့် ဆွေးနွေးပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကော်မတီများသည် လွှတ်တော်ထဲက လွှတ်တော်အငယ်များဖြစ်တယ်။ မိမိတို့နဲ့ သက်ဆိုင်တဲ့ဥပဒေများ၊ ဌာနဆိုင်ရာများနဲ့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းညှိနှိုင်းဖို့ကိစ္စသည် ကော်မတီများရဲ့ တာဝန်များဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီအလိုက် သက်ဆိုင်ရာကို စူးစူးစိုက်စိုက်လေ့လာတဲ့အခါမှာ ပိုပြီးတော့လည်း ထိထိရောက်ရောက် မြင်တွေ့နိုင်ဖို့ ဖြစ်ပါတယ်။ အဲ့ဒီနေရာတွေမှာ ပါဝင်တဲ့ ကော်မတီအဖွဲ့အဝင်များပါဝင်ပြီးတဲ့အခါမှာ သေသေချာချာ စိတ်ပါဝင်စားစွာနဲ့

ဆောင်ရွက်ဖို့ ဒီထက်အရေးကြီးတဲ့ဒီနှစ်အတွက် ဥပဒေမရှိပါဘူး။ ပြည်သူ့ငွေလည်း ဘယ်သူ့အတွက် သုံးမလဲ ပြည်သူ့အတွက်သုံးမယ်။ ပြည်သူ့အတွက် အကျိုးရှိတာတွေ သုံးမယ်။ အဲ့ဒီအတွက် လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာ တာဝန်ရှိပါတယ်။ ဒါငါတို့နဲ့မဆိုင်ဘူး။ ကျွမ်းကျင်တဲ့လူပဲ လုပ်လိမ့်မယ် မဟုတ်ဘူး။ ကျွန်တော်တို့နဲ့ ဆိုင်ပါတယ်။ ခုန ဦးဖေသန်းပြောသလိုပဲ ကတိကဝတ်ပေးသွားတယ်။ ပေးသွားပြီးအခါမှာအခုမပါဘူးဆိုလို့ရှိရင် ကိုယ့်ကော်မတီမှာ သို့မဟုတ် ဆိုင်တဲ့ကော်မတီမှာ သွားပြီးတော့ ကျွန်တော့်ကို ကတိပေးထားပါတယ်။ ဒါပေမယ့် ဒီထဲမှာမပါပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာကို ဆောင်ရွက်ပေးပါ။ ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း ဘတ်ဂျက်ခွင့်ပြုပေးပါလို့လည်း သက်ဆိုင်ရာကို သွားပြီးတော့ တင်ပြလို့ရတယ်။ အဲ့ဒီလို လုပ်ဖို့ဆိုရင် ဒီကာလက အရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက် ဘယ်မှာအားထည့်ရမလဲ။ ဒီကော်မတီအလိုက် အစည်းအဝေးတွေနဲ့ သက်ဆိုင်ရာလုပ်ရမယ်၊ အားထည့်ရမယ်။ ဒါကြောင့်ခုနက ပြန်ဆက်မယ်ဆိုရင် လွှတ်တော်မှာ မေးခွန်းနဲ့အဆိုကို အချိန်ပေးနိုင်တာမဟုတ်ဘဲနဲ့ စီမံကိန်းဘတ်ဂျက်ကိစ္စအတွက် သေချာစဉ်းစား ဝေဖန်သုံးသပ်ပြီးတဲ့အခါမှာ လိုတာဆောင်ရွက်ဖို့အတွက် ဦးစားပေးခြင်းဖြစ်ပါတယ်။ ဒါဘတ်ဂျက်ကိစ္စနှင့် ပတ်သက်လို့ ကော်မတီတွေမှာတာဝန်ရှိတယ်။ ကော်မတီအလိုက် အကုန်လည်းတာဝန်ရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီနေ့လို အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာဖတ်ကြားတဲ့အချိန်မှာ ဒီအစီရင်ခံစာပေါ်မူတည်ပြီးတော့ အဓိကပါဝင် နားထောင်ရမယ့် ဝန်ကြီးဌာနများကိုလည်း နောက်ပိုင်းကျွန်တော်တို့ ဖိတ်ကြားဖို့ လိုပါတယ်။ ဒါကျွန်တော်တို့ဘက်က လိုအပ်ချက်ပါ။ အဲ့ဒီအခါကျတော့ သူတို့ကတိပေးခဲ့တယ်၊ ဒါပေမယ့် မလုပ်သေးဘူး။ ဒီလိုပေါ်လာမှာ ဖြစ်ပါတယ်။ ဒါအားလုံးလည်း ကြားသွားမယ်။ သို့ရာတွင် ကျွန်တော်တို့လုပ်တာက ဒီအစီရင်ခံစာပေါ်မူတည်ပြီးတော့ ဆွေးနွေးချက်တွေကို အစိုးရအဖွဲ့ကို ပေးပါတယ်။ ဘယ်ဟာတော့ ကတိဖြစ်တယ်၊ ဘယ်ဟာတော့ လုပ်ပြီးသွားပြီ။ ကတိပေးပြီးတော့ ဒါတော့မလုပ်သေးဘူး။ အဲ့ဒီတော့ ကျွန်တော်တို့က ကတိကအရေးကြီးပါတယ်။ မြန်မာစကားမှာ ရှိပါတယ်။ လူမှာကတိ၊ မင်းမှာသစ္စာ ဒီလိုဟာတွေရှိပါတယ်။ အဲ့ဒီတော့ကတိလည်း လွယ်လွယ်မပေးသင့်ဘူး။ ပေးပြီးတဲ့ကတိလည်း ဖြစ်မြောက်အောင်လုပ်ရမယ်။ အဲဒါမှာပဲ ကျွန်တော်တို့ ဘာလဲ။ Good Governance ဖြစ်မယ့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဖေသန်း တချို့ ဆွေးနွေးထောက်ပြတာတွေလည်း သက်ဆိုင်ရာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ မှတ်သားပြီးတဲ့အခါမှာ ပို၍ ပို၍ကောင်းအောင်၊ ပို၍ပို၍တိကျအောင်၊

ခိုင်မာအောင်ဆောင်ရွက်သွားဖို့လိုကြောင်း လွှတ်တော်ကို တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၃ နည်းဥပဒေ(ဂ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သက်ဆိုင်သူအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များဟာ ပြည်သူတွေကို ကိုယ်စားပြုပြီးတော့ ပြည်သူတွေရဲ့ ဆန္ဒ၊ ပြည်သူတွေရဲ့လိုလားချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် လွှတ်တော်အတွင်းမှာ မေးခွန်းများ၊ အဆိုများ မေးမြန်းခဲ့ကြပါတယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများကလည်း ကျွန်တော်တို့ လာရောက်ဖြေကြားကတိပေးခဲ့တဲ့ အခြေအနေမျိုးတွေလည်း တွေ့ရှိခဲ့ရပါတယ်။ အချိန်ကို လေးစားသောအားဖြင့် တချို့သောမေးခွန်းများကို စာဖြင့်ရေးသားပြီး ကြယ်ပွင့်မပြမေးခွန်းအဖြစ် တင်ပြပြီးတော့ အဖြေတောင်းယူ၍လည်း ရှိပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ ကော်မတီက ညှိနှိုင်းပြီး ၎င်းကိစ္စကို ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် စနစ်တကျအဖြေတောင်းခံပြီးတော့မှ ဒီအစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကတိပေးပြီး ဆောင်ရွက်ခြင်းမရှိသည့်လုပ်ငန်းများကို အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းလျက်ရှိပါတယ်။ အချိန်ကာလတစ်ခုဆိုသည်မှာ ဘတ်ဂျက်နှစ် မကုန်မီစပ်ကြားမှာ လုပ်ငန်းမပြီးပြတ်သေးတဲ့ကိစ္စရှိနိုင်ပါတယ်။ ဒီလို ရှိနိုင်တဲ့ကိစ္စမျိုးအတွက် အချိန်လေးကို စောင့်ဆိုင်းနေခြင်းဖြစ်ပါတယ်။ မပြီးပြတ်တဲ့အခြေအနေ၊ မပြီးပြတ်တဲ့လုပ်ငန်းတွေအားလုံးနဲ့ပတ်သက်ပြီး

သက်ဆိုင်ရာအစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်ရုံး၊ သက်ဆိုင်ရာကိုယ်စားလှယ်များထံလည်း အသီးသီးဖတ်ရှုနိုင်အောင်လည်း မေးမြန်းနိုင်အောင် ညှိနှိုင်းနိုင်အောင် ကျွန်တော်တို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အတွက် ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ဥပဒေမူကြမ်းအား ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ တည်ဆဲရာဇသတ်ကြီး (The Penal Code)

တွင် အချို့ပြစ်မှုများ၌ ပြဋ္ဌာန်းထားတဲ့ ဒဏ်ငွေနဲ့ ပြစ်ဒဏ်များဟာ ပြင်ဆင်တိုးမြှင့်နိုင်ရန်နဲ့ အချို့သော ပြဋ္ဌာန်းချက်များမှာပါရှိတဲ့ ဝေါဟာရအသုံးအနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေပါ ဝေါဟာရအသုံးအနှုန်းများနဲ့ လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ပြီး ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ ဥပဒေ(မူကြမ်း)ကို ခေတ်ကာလအခြေအနေနှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲ ပြုစုထားပါတယ်။ ဒီလို ပြင်ဆင်ရေးဆွဲထားတဲ့ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ရှင်းလင်း ရန် ဖိတ်ခေါ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ၏ ကိုယ်စား ရှင်းလင်း ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော် တွင် စတင်ဆွေးနွေးရန် အထက်ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာပါသည်။

၂။ မူလဥပဒေဖြစ်သော The Penal Code ကို ၁၈၆၀ ခုနှစ် အက်ဥပဒေ ၅ အဖြစ် ၁၈၆၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ မူလဥပဒေတွင် အခန်း ၂၃ ခန်းနှင့် ပုဒ်မပေါင်း ၅၁၁ ခု

ပါရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာသည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၅၁ ခု ပါရှိပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို လေ့လာစိစစ်ရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားသူကြီးနှင့် တာဝန်ရှိသူများသည် ၂၀-၁-၂၀၁၃ ရက်နေ့၌ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကြမ်းများစိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ ကြပါသည်။

၄။ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ဇယားအမှတ်စဉ် (၁) ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်တွေကိုတော့ ကျွန်တော်ဖတ်ပြပြီးတော့ မူလ ပြဋ္ဌာန်းချက်ကိုတော့ အချိန်ကိုလေးစားသောအားဖြင့် တင်ပြမှာမဟုတ်ဘဲနဲ့ ပြင်ဆင်ပြဋ္ဌာန်းချက် ကိုတော့ ဖတ်ကြားရှင်းလင်းတင်ပြပါမယ်။

(၁) ပြင်ဆင်သည့်ပြဋ္ဌာန်းချက် ဤဥပဒေကို ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၅ ပြင်ဆင်ပြဋ္ဌာန်းချက်မှာ Defence Services Personnel ။

(၃) ၁၉ ဥပမာ (ခ)၊ ၁၉ ဥပမာ (ဃ)၊ ၁၂၄၊ ၁၆၅ ဥပမာ (ဂ)၊ ၁၉၃ ရှင်းလင်းချက် - ၂ ၏ ဥပမာ ၂၂၇၊ ၄၄၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ၄၄၉ အဋ္ဌမ ကင်းလွတ်ချက်၏ ဥပမာ ၄၄၉ နဝမ ကင်းလွတ်ချက်၏ ဥပမာ(ခ) အဲဒီထဲမှာ Magistrate ဆိုပြီးတော့ ဖော်ပြတာကို ပြင်ဆင်ချက်၊ ပြဋ္ဌာန်းချက်မှာတော့ Judge ဆိုပြီးတော့ အစားထိုး ပြင်ဆင်ထားပါတယ်။

(၄) ပုဒ်မ ၂၁ ဒုတိယပြင်ဆင်ထားချက်ကတော့ Defence Services ပြင်ဆင်ထားပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၂၁ ပဉ္စမပြင်ဆင်ချက်ကတော့ administrator of ward or village-tract ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၂၁ ဧကေဒသမ ဥပမာကို ပြင်ဆင်ချက်ကတော့ ပယ်ဖျက်ရန်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၂၁ ဧကေဒသမ ရှင်းလင်းချက် ၃ ကို ပြင်ဆင်ချက်ကတော့ different levels of the Hluttaw ဆိုပြီးတော့ အစားထိုးထားပါတယ်။

(၅) ပုဒ်မ ၄၉ ကို International calendar ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၆) ၅၃ ၏ ဒုတိယ ၁၂၀-ခ ပုဒ်မခွဲ ၁၊ ၅၀၆ ဒုတိယပိုင်း ၅၁၁ ကို imprisonment for life ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၇) ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်များကတော့ ၅၅၊ ၇၅၊ ၁၁၅ ပထမပိုင်း၊ ၁၁၅ ၏ ဥပမာ၊ ၁၁၉ ၏စတုတ္ထပိုင်း၊ ၁၂၂(၁)၊ ၁၂၂(၂)၊ ၁၂၃ (၁)၊ ၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၉၄ ပထမပိုင်း၊ ၁၉၅၊ ၁၉၅၏ ဥပမာ၊ ၂၀၁ တတိယပိုင်း၊ ၂၁၁ ဒုတိယပိုင်း၊ ၂၁၂ တတိယပိုင်း၊ ၂၁၂ ၏ဥပမာ၊ ၂၁၃ တတိယပိုင်း၊ ၂၁၄ တတိယပိုင်း၊ ၂၂၁ တတိယပိုင်း၊ ၂၃၂၊ ၂၃၈၊ ၂၅၅၊ ၃၀၂ (၁) (က)၊ ၃၀၂(၂)၊ ၃ ၀၄၊ ၃၀၅၊ ၃၀၇ ပထမပိုင်း၊ ၃၀၇ ဒုတိယပိုင်း၊ ၃၁၁၊ ၃၁၃၊ ၃၁၄ ဒုတိယပိုင်း၊ ၃၂၆၊ ၃၂၉၊ ၃၆၄၊ ၃၇၁၊၃၇၆၊ ၃၇၇၊ ၃၈၈၊ ၃၈၉၊၃၉၄၊ ၃၉၅၊ ၃၉၆၊ ၄၀၀၊၄၀၉၊ ၄၁၂၊ ၄၁၃၊ ၄၃၆၊ ၄၃၈၊ ၄၄၉၊ ၄၅၀၊ ၄၅၉၊၄၆၀၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၅၊ ၄၇၇၊ ၄၈၉(က)၊ ၄၈၉(ခ)၊ ၄၈၉(ဃ) transportation for life ရေးထားချက်ကို ပြင်ဆင်ပြဋ္ဌာန်းချက်မှာ imprisonment for life ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၈) ပုဒ်မ ၅၇ ကို imprisonment for life and imprisonment ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၉) ပုဒ်မ ၅၈၊ ၅၉၊ ၂၂၆ ကို ပြင်ဆင်တာကတော့ ပယ်ဖျက်ရန်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၀) ပုဒ်မ ၆၇ ကို five thousand kyats and ten thousand kyats ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၁) ပုဒ်မ ၆၉ ၏ ဥပမာကို ပြင်ဆင်ပြဋ္ဌာန်းချက်ကတော့ ten thousand kyats, seven thousand and five hundred kyats, five thousand kyats ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ (၁၂) ပုဒ်မ ၁၁၈ ပထမပိုင်း ၁၁၈ ဥပမာကို ပြင်ဆင်ထားချက်ကတော့ imprisonment for life, Judge ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၃) ပုဒ်မ ၁၂၄(က) with imprisonment for life, to which fine may be added, or with imprisonment which may extend to seven years, to which fine may be added, or with fine ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၄) အခန်း ၆(က) ခေါင်းစဉ်ကို ပြင်ဆင်ထားချက်ကတော့ OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE COSTITUTION AND THE LAWS RELATING TO THE HLUTTAW ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၅) ပုဒ်မ ၁၃၀(က) ပြင်ဆင်ချက်ကတော့ in sub-section b of section 36, section 350, section 354, section 355, section 356, section 358, section 359, section 360 of the Constitution of the Republic of the Union of Myanmar or in the laws relating to the Hluttaw of the Republic of the Union of Myanmar ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၆) အခန်း(၇) ခေါင်းစဉ် ပြင်ဆင်ထားချက်ကတော့ OF OFFENCES RELATING TO DEFENCES SERVICES ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၇) ပုဒ်မ ၁၃၁ ကို ပြင်ဆင်ထားချက်ကတော့ a member of the Defence Services ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၁၃၁ any such member of the Defence Services transportation for life imprisonment for life ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၁၈) ပုဒ်မ ၁၃၂ ပြင်ဆင်ထားချက်ကတော့ a member of the Defence Services ပြီးတော့ အောက်မှာ imprisonment for life ဆိုပြီးတော့ ပြင်ဆင် ထားပါတယ်။

(၁၉) ပုဒ်မ ၁၃၃၊ ၁၃၄၊ ၁၃၈ ပြင်ဆင်ထားချက်ကတော့ a member of the Defence Services ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၀) ပုဒ်မ ၁၃၅၊ ၅၀၅(က) ပြင်ဆင်ထားချက်ကတော့ any member of the Defence Services ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၁) ပုဒ်မ ၁၃၆ ပြင်ဆင်ထားချက်ကတော့ a member of the Defence Services, such member of the Defence Services ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၂) ပုဒ်မ ၁၃၇ the Defence Services five hundred kyats fifty thousand kyats ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၃) ပုဒ်မ ၁၃၉ ပြင်ဆင်ထားချက်ကတော့ the Defence Services Act, 1959 ဆိုပြီး တော့ ပြင်ဆင်ထားပါတယ်။

(၂၄) ပုဒ်မ ၁၄၀ ပြင်ဆင်ထားချက်ကတော့ a member of the Defence Services five hundred kyats fifty thousand kyats ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၅) ပုဒ်မ ၁၄၁ ၏ပထမ ပြင်ဆင်ထားချက်ကတော့ Pyidaungsu Hluttaw ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၆) ပုဒ်မ ၁၅၄၊ ၁၇၈၊ ၁၇၉၊ ၁၈၃၊၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊၂၇၅၊ ၂၇၆၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၄-က ဒုတိယပိုင်း၊၂၉၄-က တတိယပိုင်း၊၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇၊ ၄၄၈ မှာဖော်ပြထားတဲ့ one thousand kyats ကို ပြင်ဆင်ထားချက်ကတော့ one hundred thousand kyats ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

(၂၇) ပုဒ်မ ၁၆၀ ပြင်ဆင်ထားချက်ကတော့ ten thousand kyats ဆိုပြီးတော့ ပြင်ဆင်ထား ပါတယ်။

(၂၈) ပုဒ်မ ၁၆၁၊ ၁၆၁ ဥပမာ (က) Pyidaungsu Hluttaw, Judge ဆိုပြီးတော့ ပြင်ဆင် ထားပါတယ်။

(၂၉) ပုဒ်မ ၁၇၁၊ ၁၇၁-စ၊ ခြွင်းချက်။

**ဥက္ကဋ္ဌ**။ ။ ဦးငွန်မောင်းခင်ဗျား။ ဒါအားလုံး ကျွန်တော်တို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ နောက်သူတို့ကိုလည်း ဒါဖတ်ပြီးတဲ့အခါမှာပြင်ဆင်အဆိုပြုချက်ဖြစ်မှာဖြစ်တဲ့အတွက် ကျန်တဲ့အပိုင်းကို တော့ စာနဲ့တင်ပြပြီးဖြစ်တဲ့အတွက် ဆိုပြီးတော့ အဆုံးသတ်ပြီးတဲ့အခါမှာ စာမျက်နှာ ၈၊ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါ။ အခုကျွန်တော်တို့ ပုဒ်မ မဖတ်တော့ဘဲနဲ့ အားလုံးလည်း လက်ဝယ်ကို ဖြန့်ဝေထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ဝယ်ဖြန့်ဝေထားပြီးသားဖြစ်တဲ့ အတွက် အမှတ်စဉ် ၅ ကပဲ ဆက်ဖတ်ပြီးတော့ တင်ပြဖို့ဖြစ်ပါတယ်။ စာမျက်နှာ ၈ ။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲတင်ပြလာသည့် ဥပဒေကြမ်းတွင် ခေတ်ကာလနှင့် လျော်ညီစေရန် စကားရပ်များပြင်ဆင်ထားသည်များကို တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲတင်ပြလာသည့် ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

## ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၁-၂၀၁၃ ရက် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စာလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၃း၀၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]